# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၁၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၂၆)၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ ၂၉–၁၀–၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်စဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

# မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးပြီး တည်ငြိမ်သည့်အစိုးရတစ်ရပ် ထွက်ပေါ်လာစေရေး မျှော်မှန်းဆောင်ရွက်ပေးသွားရမည်

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည်။

စာမျက်နှာ ၃ သို့◆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၈**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး နေ့စဉ်

# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေးကဏ္ဍသည် မိမိတို့နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အားလုံးပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဦးစားပေးဆောင်ရွက်လျက်ရှိသော စိုက်ပျိုးသီးနှံများ၏ ထုတ်လုပ်နိုင်စွမ်းအားများ မြှင့်တင်ရန် မျိုး မြေ ရေ နည်းပညာများကို မှန်ကန်စေရေး၊ မြေဆီလွှာနှင့် ရေအသုံးပြုမှုများ စနစ်တကျရှိစေရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အစားအစာသိပ္ပံနှင့် နည်းပညာများကတစ်ဆင့် တန်ဖိုးမြှင့်ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးတို့အတွက် ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အောက်တိုဘာ ၂၆ ရက်နံနက်ပိုင်းတွင် နေပြည်တော်ဇေယျာသီရိမြို့နယ် ရေဆင်းရှိ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၃၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ပြောကြားခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူပညာပေးဆွေးနွေးပွဲများကိုလည်း ကျွမ်းကျင်ပညာရှင်များနှင့် တောင်သူများ အနီးကပ်တွေ့ဆုံဆွေးနွေးနိုင်မှုအခွင့်အရေးကို ပိုင်နိုင်စွာရယူပြီး ဆွေးနွေးမှုမှရရှိလာသည့် အသိပညာ၊ အတွေ့အကြုံများကို မိမိတို့၏ လယ်ယာလုပ်ငန်းခွင်တွင် အသုံးချကာ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် Artificial Intelligence(AI) ဉာဏ်ရည်တုနည်းပညာအပါအဝင် ခေတ်နှင့်လျော်ညီသော နည်းပညာရပ်များကိုလည်း အကျွမ်းတဝင် အသုံးပြုနိုင်ကြစေရန် စဉ်ဆက်မပြတ်လေ့လာကြပြီး သီးနှံအထွက်နှုန်းများ၊ မိုးလေဝသကြိုတင်ခန့်မှန်းချက်များ၊ တိကျသေချာသော စိုက်နည်းစနစ်များ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ဓာတ်မြေဩဇာအသုံးပြုမှုများ စသည်ဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် အကျိုးရှိစွာအသုံးပြုနိုင်ရေးကိုလည်း ကြိုးပမ်းသွားကြရန်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအပါအဝင် ပြည်သူလူထုအလွှာစုံနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ဝန်ဆောင်မှုပေးကြရမည့် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် မှန်ကန်သမာသမတ်ကျသော အတွေးအခေါ်အယူအဆများ ရှိကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်နှင့်စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာများကိန်းအောင်း၍ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ပါဝင်နိုင်သည့်အခန်းကဏ္ဍမှ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်လုပ်ဆောင်ကြရန် တိုက်တွန်းပါကြောင်းပြောကြားပြီး စိုက်ပျိုးရေးတက္ကသိုလ်ပထမနှစ်မှ နောက်ဆုံးနှစ်အထိ တန်းစဉ် ပေါင်းအမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်သည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၂၉၅ ဦး၊ စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့ရ ၄၄ ဦး၊ စိုက်ပျိုးရေး ပါရဂူဘွဲ့ရ ကိုးဦး၊ စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ရ ခုနစ်ဦးတို့အား သက်ဆိုင်ရာဘွဲ့လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

တောင်သူလယ်သမားများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ဝန်ဆောင်မှုပေးကြရမည့် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် တောင်သူများ၏ လက်တွေ့ဘဝများထံမှ စိုက်ပျိုးရေးဆိုင်ရာပညာရပ်များ အသုံးချမှု၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို တိုက်ရိုက်တွေ့ဆုံကာ ဆွေးနွေးအဖြေရှာလျက် အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## စာဖတ်ရှိန်မြှင့်တင်ရေးနှင့်လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ်၊ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ရွှေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက စာဖတ်ရှိန်မြှင့်တင်ရေးနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လူငယ်များအနေဖြင့် စာအုပ်စာစောင်များကို အမြဲလေ့လာဖတ်ရှုစေလိုကြောင်း၊ စာပေကို အမြဲလေ့လာဖတ်ရှုနေမှသာ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများကိုလည်းရှာဖွေ၍ လေ့လာမှတ်သားစေလိုကြောင်း စသည်ဖြင့် အကျယ်တဝင့်ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က လူငယ်များအတွက် ပညာ၏တန်ဖိုးနှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**အောင်စော်မင်း**

## စပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့်စပေါင်းသွေးလှူဒါန်းပွဲ ဆောင်ရွက်

**ညောင်ဦး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ၁၅၇ နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် စပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၇ နာရီက စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင်ရောက်ရှိမည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၅၇ နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်ဝန်ထမ်းများ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်ဝန်ထမ်းများသည် ပုဂံမြို့ဟောင်းရှိ အာနန္ဒာမြတ်စွာဘုရားကြီးအတွင်းအပြင်ရှိ အမှိုက်များရှင်းလင်းခြင်း၊ ရေချမ်း၊ ပန်း၊ ဆီမီးကပ်လှူပူဇော်ခြင်း စပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြပြီး စပေါင်းအမှတ်တရဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် ပြည်သူ့ဆေးရုံကြီး၌ ညောင်ဦးခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းများသည် စပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါစပေါင်းသွေးလှူဒါန်းပွဲတွင် ညောင်ဦးခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၈ ဦးက သွေးလှူဒါန်းခဲ့ကြောင်း၊ အဆိုပါသွေးလှူဒါန်းရာသို့ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သော်ထိုက်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် တာဝန်ရှိသူများက ကြက်ဥများ၊ အချိုရည်ဗူးများ၊ အားဆေးတို့ကို သွေးလှူဒါန်းသည့် ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၈၁)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အောက်ကမ်းနားလမ်း၊ ၁၀လမ်းနှင့် ၁၁ လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၁၁၁လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၂၉ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တံမျက်စည်းစုရပ်ကွက်၊ ၄၂လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ဓမ္မာရုံရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၃၀ ရက်တွင် အမရပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ အောင်သပြေဓမ္မာရုံ၊ ရွာလယ်လမ်းတွင်လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံးရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ MIIT ကျောင်းရှေ့၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈ လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



- ❍ မှန်ကန်သည့် ရွေးကောက်ပွဲ၊ မဲမသမာမှုမရှိသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး မဲစာရင်းများ မှန်ကန်မှုရှိရေးသည် အဓိကကျ
- ❍ ထို့ကြောင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အနေဖြင့် မဲစာရင်းများ ပြုစုရာတွင် အမှားအယွင်းမရှိစေရေး၊ မဲမသမာမှုများ မရှိစေရေး အလေးထားဆောင်ရွက်သွားရန်လို
- ❍ ယနေ့မှစ၍ မဲဆွယ်စည်းရုံးမှုကာလစတင်မည်ဖြစ်ပြီး ပါတီများအလိုက် မဲဆွယ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ကြတော့မည်ဖြစ်

◆ ရွှေဖုံးမှ

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောမှ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများအား အသီးသီး ဆွေးနွေးတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးတင်ပြကြရာတွင် ဒေသအလိုက် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှု၊ စိုက်ဧက၊ အထွက်နှုန်းများနှင့် ပတ်သက်၍ နှစ်အလိုက် နှိုင်းယှဉ်တွေ့ရှိချက်များ၊ စပါးသီးနှံနှင့် ချည်မျှင်ရှည်ဝါ အထွက်နှုန်းများ၏ ဖြစ်နိုင်ခြေဆန်းစစ်ချက်များ၊ ဒေသအလိုက် မြေနိမ့်ကော်ဖီဖြစ်ထွန်းအောင်မြင်မှုနှင့် တိုးချဲ့စိုက်ပျိုးနိုင်မှု၊ ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လူဦးရေအရ အသား၊ငါးနှင့် ဥအမျိုးမျိုး ဖူလုံမှု၊ ရေနက်ကွင်းဧရိယာများကို ငါးကန်တူးဖော်ပြီး သီးနှံစိုက်ပျိုးမြေဖော်ထုတ်၍ သီးနှံစိုက်ပျိုးခြင်းနှင့် ငါးမွေးမြူခြင်းကို ယှဉ်တွဲဆောင်ရွက်နိုင်မှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုတင်ပြချက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုများကို တောင်သူများ၏ လက်ဝယ်အရောက် ပေးအပ်ပြီး အသိပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့အရင်းအမြစ်များအား နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် စနစ်တကျဖော်ထုတ် အသုံးပြုနိုင်ရန် လိုအပ်မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုပေးခဲ့မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခဲ့မှုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် တိုက်ဖျက်ဆောင်ရွက်လျက်ရှိမှုနှင့် ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လိုအပ်မှု၊ လျာထားလုပ်ငန်းများအတွက် သာမန်ငွေလုံးငွေရင်းအသုံးစရိတ်များကို ခွင့်ပြုပေးခဲ့မှုနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများအပေါ် စိစစ်တင်ပြချက်များ၊ လုပ်ငန်းရပ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဆွေးနွေးတင်ပြကြရာတွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများအား ပြုပြင်ဆောင်ရွက်လျက်ရှိမှုနှင့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အလတ်စားနှင့် အငယ်စား (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စေရေးအတွက် ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ဆွေးနွေးတင်ပြကြသည်။

### ဘဏ္ဍာငွေသုံးစွဲမှုများ မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိဖြစ်စေရေး

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးမှာကြားရာတွင် ဘဏ္ဍာငွေသုံးစွဲမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် နိုင်ငံတော်မှ ခွင့်ပြုပေးထားသည့် ဘဏ္ဍာငွေများကို အကျိုးရှိရှိ အသုံးပြုသွားရန်လိုကြောင်း၊ လုပ်ငန်းရပ်များအလိုက် ငွေကြေးသုံးစွဲမှုများကို ဆောင်ရွက်သွားမည်ဆိုပါကလည်းပတ်သုံးစွဲငွေမြင့်တက်လာပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အခြေခံလူတန်းစားများအနေဖြင့် တစ်ဦးချင်း ဝင်ငွေတိုးပွားလာမည်ဖြစ်ပြီး စားရေး၊ ဝတ်ရေးတို့တွင် သုံးစွဲငွေများ မြင့်တက်လာမည်ဖြစ်ကာ လူမှုစီးပွားများသည်လည်း တိုးတက်မြင့်မားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငွေကြေးလည်ပတ်မှုများပိုမိုဖြစ်ပေါ်လာစေပြီး ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေသုံးစွဲမှုများကို မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့အပြင် ခွင့်ပြုငွေများအလိုက် အချိန်တိုအတွင်း၌ နိုင်ငံတော်နှင့် အများပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် (Quick Win) လုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နည်းလမ်းမျိုးစုံဖြင့် မဲမသမာမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ယူခဲ့ရသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်မှု မရှိစေရေး Myanmar Electronic Voting Machine (MEVM) ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ MEVM စက်များသည် မဲမသမာမှု မည်ကဲ့သို့မျှ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ မှန်ကန်သည့် ရွေးကောက်ပွဲ၊ မဲမသမာမှုမရှိသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲ ဖြစ်စေရေး မဲစာရင်းများမှန်ကန်မှုရှိရေးသည် အဓိကကျကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မဲစာရင်းများ ပြုစုရာတွင် အမှားအယွင်းမရှိစေရေး၊ မဲမသမာမှုများ မရှိစေရေး အလေးထားဆောင်ရွက်သွား ရန်လိုကြောင်း၊ ယနေ့မှစ၍ မဲဆွယ်စည်းရုံးမှု ကာလစတင်မည်ဖြစ်ပြီး ပါတီများအလိုက် မဲဆွယ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ကြတော့မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးပြီး တည်ငြိမ်သည့်အစိုးရတစ်ရပ် ထွက်ပေါ်လာစေရေး မျှော်မှန်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

### နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးနှင့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နိုင်ငံ့စီးပွား မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ တစ်ဝက်ကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ အချို့သော စိုက်ပျိုးရေးလုပ်ငန်းများမှရရှိသည့် စက်မှုကုန်ကြမ်းထွက်ကုန်များဖြင့် MSME လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းကြီးများကိုလည်း လုပ်ဆောင်နိုင်ကြောင်း၊ ဥပမာအားဖြင့် ရော်ဘာစိုက်ပျိုးမှုမှ အစပြုသည့် တာယာထုတ်လုပ်ခြင်းကဲ့သို့သော ကုန်ထုတ်စက်မှုလုပ်ငန်းကြီးများ၊ ဝါစိုက်ပျိုးမှုမှ အစပြုသည့် ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်းကဲ့သို့သော စက်မှုလုပ်ငန်းကြီးများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဆန်သီးနှံ အပါအဝင် အခြားသီးနှံများကို အရည်အသွေးမြင့်စွာဖြင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဆောင်ရွက်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်တွင်းဆီလိုအပ်ချက်ရှိခြင်းကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်လျက်ရှိသော်လည်း ပြည်ပမှစားသုံးဆီများကို တင်သွင်းနေရဆဲဖြစ်ကြောင်း၊ ဆီထွက်သီးနှံနှမ်းနှင့် မြေပဲစိုက်ပျိုးမှုများရှိသော်လည်း မိရိုးဖလာစားသုံးမှုနှင့် ပြည်ပတင်ပို့မှုများကြောင့် ပြည်တွင်းဆီဖူလုံမှုအတွက် လိုအပ်ချက်များ ရှိနေသေးကြောင်း၊ နေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ကော်ဖီသည် နှစ်ရှည်သီးနှံဖြစ်ပြီး မိမိတို့နိုင်ငံမှ ထွက်ရှိသည့် အာရေးဗီးကားကော်ဖီသည် ကမ္ဘာပေါ်တွင် နာမည်ကောင်းရရှိပြီးဖြစ်ပြီး ဈေးကွက်ရရှိပြီးဖြစ်ကြောင်း၊ မြေနိမ့်ကော်ဖီရိုဘက်စတာကိုလည်း နိုင်ငံအနှံ့ စိုက်ပျိုးနိုင်ကြောင်း၊ ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ နှစ်ရှည်ဝင်ငွေရသည့် သီးနှံအဖြစ် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ငရုတ်ကောင်းကဲ့သို့ ဥယျာဉ်သီးနှံများကိုလည်း စိုက်ပျိုး၍ ရရှိနိုင်ကြောင်း၊ စိုက်ပျိုးတောင်သူများကိုလည်း

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

လိုအပ်သည့် အသိပညာပေးမှုများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း မိမိတို့ဒေသအလိုက် ပိုင်ဆိုင်ထားသည့် အရင်းအမြစ်များကို ကောင်းမွန်အကျိုးရှိစွာ အသုံးချနိုင်ရေး လေ့လာဆန်းစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်နှင့် ဒေသအတွက် အကျိုးရှိနိုင်မည့် လုပ်ငန်းရပ်များကို ဆောင်ရွက်သွားနိုင်ရေး ရှုထောင့်ပေါင်းစုံမှကြည့်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ အသက်၂၅နှစ်အထက်လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် ပညာရေးအားနည်းသဖြင့် ပညာရေးကို အလေးပေးမြှင့်တင်ဆောင်ရွက်သွားရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ပြီး ပညာရေးအားကောင်းလာမှသာလျှင် လူသားအရင်းအမြစ်ကောင်းများကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှု မရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ များစွာရှိကြောင်း၊ မိမိတို့တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယခုအချိန်အထိ ကာလအတွင်း၌ပင် တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့ပြီး အောင်မြင်ခြင်းမရှိခဲ့သူ လူဦးရေ ၅ သန်းခန့်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်အတွက် မည်ကဲ့သို့ အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာနှင့် နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ပြီး အကျိုးရလဒ်များကို တွေ့မြင်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ်အကျိုးကိုကြည့်၍ စီမံဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုများလည်းရှိနေကြောင်း၊ ထို့ကြောင့်

❑ အချို့သော စိုက်ပျိုးရေးလုပ်ငန်းများမှရရှိသည့် စက်မှုကုန်ကြမ်း ထွက်ကုန်များဖြင့် MSME လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းကြီးများကိုလည်း လုပ်ဆောင်နိုင်၊ ဥပမာအားဖြင့် ရော်ဘာစိုက်ပျိုးမှုမှ အစပြုသည့် တာယာထုတ်လုပ်ခြင်းကဲ့သို့သော ကုန်ထုတ်စက်မှုလုပ်ငန်းကြီးများ၊ ဝါစိုက်ပျိုးမှုမှ အစပြုသည့် ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်းကဲ့သို့သော စက်မှုလုပ်ငန်းကြီးများကို ဆောင်ရွက်နိုင်မည်၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင် အထက်တန်းကျောင်းများကို ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် အောင်မြင်မှုများအထိုက်အလျောက်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ရေးနှင့် ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ပြည်သူလူထုနှင့် သက်ဆိုင်သည့်နေရာများ၊ အားကစားကွင်းများ အဆင့်မီမီဖြစ်ပေါ်လာစေရေး**

မြို့သာယာလှပရေးနှင့်ပတ်သက်၍ မြို့ပြတိုးချဲ့တည်ဆောက်မှုစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မြို့ကွက်များ တိုးချဲ့ဆောင်ရွက်ခြင်းအတွက် ရေ၊ မီး၊ လမ်းနှင့် အခြေခံအဆောက်အဦစသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရကြောင်း၊ ထို့ကြောင့် အချို့နေရာများတွင် မြေနေရာကို တန်ဖိုးရှိစွာအသုံးချနိုင်ရေး၊ အဆင့်မီအိမ်ရာ၊ တိုက်ခန်းများဆောက်လုပ်ပေးခြင်းဖြင့် မြို့ပြအဆင့်အတန်းမြှင့်တင်ခြင်းက ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း၊ မြို့ကွက်သစ်များ ဖော်ဆောင်ထားသည်နှင့်အညီ အမှန်တကယ် အဆောက်အဦများနှင့် နေထိုင်သူများ ဖြစ်ပေါ်လာရန်လည်းလိုကြောင်း၊ မြို့သာယာလှပရေးနှင့်ပတ်သက်၍ ချမှတ်ထားသည့် စည်ပင်သာယာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်ရန်လိုပြီး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ စည်ပင်သာယာရေးဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်သည်များကို တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားရန်လိုအပ်ကြောင်း။

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်မှုနှင့်အတူ မြို့နေပြည်သူလူထုတို့အတွက် အပန်းဖြေအနားယူရန်နေရာများ၊ ပြည်သူလူထုနှင့်သက်ဆိုင်သည့်နေရာများကိုလည်း ဖော်ဆောင်ပေးသွားရန်လိုကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များအလိုက်၌လည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်မည့်နေရာများ၊ အားကစားပွဲများ ကျင်းပနိုင်မည့်နေရာများကိုလည်း ဖော်ဆောင်ပေးထားရမည်ဖြစ်ကြောင်း၊ ထို့ပြင် အခြေခံပညာကျောင်းများ၌လည်း သင့်လျော်သည့် အားကစားကွင်းများရှိစေရေး၊ စာသင်ကျောင်းနှင့်ကိုက်ညီသည့် အခြေခံအဆောက်အဦများ ပြည့်မီမှုရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက်ရှိ လူဦးရေနေထိုင်မှုများပြားသည့် မြို့နယ်များ၌ မီတာ ၄၀၀ ပြေးလမ်းပါ အားကစားကွင်းများကို မိမိတို့အနေဖြင့် ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် မိုးလုံလေလုံအားကစားရုံများ၊ မိုးလုံလေလုံရေကူးကန်များကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အနေဖြင့် ပိုင်ဆိုင်ထားပြီးဖြစ်သည့် အားကစားကွင်းများကို ပျက်စီးမှုမရှိစေရေးနှင့် အဆင့်မီမီကစားနိုင်ရေး ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ လိုအပ်နေသည့် အားကစားကွင်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ တင်ပြတောင်းခံသွားရန် လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လူဦးရေ သိန်းကျော်ခန့် နေထိုင်လျက်ရှိသည့် မြို့များ၌ ပြည်သူလူထု ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍမြှင့်တင်ရေးအတွက် အဆင့်မီအားကစားကွင်းများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ ဦးဆောင်အုပ်ချုပ်ရသည့် ပြည်နယ်နှင့် ဒေသများကို ကိုယ်စားပြုခြင်းဖြစ်ပြီး မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲမပြတ် စဉ်းစားဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍနှင့် ဆက်စပ်၍ လာမည့်ဒီဇင်ဘာလသည် အားကစားလဖြစ်ပြီး လူထုအားကစားပွဲများ၊ လူထုလမ်းလျှောက်ပွဲများတွင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်မှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်စေနိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်ပြီး မိမိတို့တာဝန်ယူထားရသည့်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်သည်မှန်သမျှကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ကရင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကို ပေးအပ်ချီးမြှင့်ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဟန်ွိုင်းမြို့အခြေစိုက် ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ဟန်ွိုင်းမြို့ အခြေစိုက် ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။(ဓါတ်ပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ငွေကြေးအမျိုးမျိုးဖြင့် ငွေလွှဲပြောင်းမှုဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာရက်သတ္တပတ်လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာ



နေပြည်တော် အောက်တိုဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၅၇ ဦးနှင့် ကြီးကြပ်အုပ်ချုပ်သူ ဆရာ ဆရာမသုံးဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် မြန်မာ့ရုပ်မြင်သံကြား ဝန်ထမ်းများက "အားလုံးချစ်သည့် MRTV " တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး "နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်မီဒီယာ" Video Clip ကို ပြသသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ News Channel Audio တွင် သတင်းထုတ်လွှင့်မှုကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေးမော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များ၌ ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများစသည့် စုစုပေါင်းပြခန်း ၄၀ ခင်းကျင်းပြသထားရှိမှုကိုကြည့်ရှုလေ့လာကြပြီး ပြတိုက်ဆိုင်ရာမှတ်သားဖွယ်ရာ အဖြေလွှာများ၌ ကျောင်းသား ကျောင်းသူများ၏ ဖြည့်စွက်မှုများအား စိစစ်၍ ပြည့်စုံစွာ ဖြေဆိုနိုင်သူများကို အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့သည် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

သတင်းစဉ်



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ခွင့်ပြုငွေများကို သတ်မှတ်ထားသည့်အချိန်အတွင်း၌ ထိထိရောက်ရောက်အကျိုးရှိရှိသုံးစွဲပြီး ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ရုပ်လုံးပေါ်လာရန်လို

နေပြည်တော် အောက်တိုဘာ ၂၈

**ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ကျင်းပပြုလုပ်ရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ဆက်လက်ပေးပို့ တင်ပြအတည်ပြု ပြဋ္ဌာန်းသွားရမည်ဖြစ်ကြောင်း။

### ချင့်ချိန်ဆောင်ရွက်ရန်လို

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံ စသည့်အဆောက်အအုံများ၊ အိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့်ကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်များနှင့် နိုင်ငံဖွံ့ဖြိုးမှုနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည့် အခြေခံအဆောက်အအုံလုပ်ငန်းများအတွက် အဓိကထား ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆောင်ရွက်သည့်နေရာတွင် ဖြည့်စွက်ခွင့်ပြုငွေရရှိမည့်ကာလနှင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းပမာဏကို ချင့်ချိန်ဆောင်ရွက်ရန်လိုကြောင်း။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် နိုင်ငံတော်ပိုင် အခြေခံအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရန်၊ အသစ်ဆောက်လုပ်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးစွဲနိုင်ရန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လျာထားခွင့်ပြုထားသည့် အသုံးစရိတ်များအနက်မှ "အထွေထွေပိုလျှံရန်ပုံငွေ"(GRF) သို့ ပြန်လည်အပ်နှံငွေကျပ် ၂၀၆၉ ဒသမ ၃၃၆ ဘီလီယံကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေထဲကို လွှဲပြောင်းထည့်ပေးခဲ့ပြီးလည်း ဖြစ်ကြောင်း၊ မိမိတို့အစိုးရက ချမှတ်ထားသည့် ဦးတည်ချက်များကို ဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးအစီအစဉ်များ ချမှတ်ပြီး အသုံးစရိတ်များကို စနစ်တကျစိစစ်သုံးစွဲကြရန် လိုအပ်ကြောင်း။

### ကုန်ထုတ်လုပ်ငန်း တိုးမြှင့်ဖော်ဆောင်

"နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့" ဆိုသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဆောင်ပုဒ်အတိုင်း လက်တွေ့ကျသည့် ကုန်ထုတ်လုပ်မှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ကျေးလက်စီးပွားနှင့် နိုင်ငံ့စီးပွားမြှင့်တင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးမွေးမြူရေးသည် မိမိတို့နိုင်ငံတွင်ရှိသည့် တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် ရန်ပုံငွေများကို ခွဲဝေချထားပေးပြီး နည်းလမ်းမျိုးစုံဖြင့် အားပေးလုပ်ဆောင်လျက်ရှိကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မလွှဲမရှောင်သာသည့် အခြေအနေများကြောင့် မူလရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဖြစ်ပေါ်လာသည့် ပိုလျှံငွေများကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်မှ နောက်ကျပြီးအပ်နှံခြင်းမပြုဘဲ တတ်နိုင်သမျှ ဆောလျင်စွာပြန်လည်အပ်နှံကြရန် မှာကြားလိုကြောင်း၊ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊

*စာမျက်နှာ ၆ သို့*

- ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မလွှဲမရှောင်သာသည့်အခြေအနေများကြောင့် မူလရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဖြစ်ပေါ်လာသည့် ပိုလျှံငွေများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်မှ နောက်ကျပြီးအပ်နှံခြင်းမပြုဘဲ တတ်နိုင်သမျှ ဆောလျင်စွာပြန်လည်အပ်နှံကြရန် မှာကြားလို၊ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့ ဆောင်ရွက်ရန် လိုအပ်သည့်ဌာနများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း အကျိုးရှိအောင် ပြန်လည်လွှဲပြောင်းသုံးစွဲခွင့်ပြုနိုင်မည်ဖြစ်

- မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအကျပ်အတည်း၊ အခက်အခဲများ၊ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြုံတွေ့ခဲ့ရမှုများကို ကြံ့ကြံ့ခံ၍ ယနေ့အချိန်အထိ နိုင်ငံတော်ကို ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်၊ ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုပေးမည့် ဘဏ္ဍာငွေသည် ငွေရေးကြေးရေးတန်ဖိုးအရ တန်ဖိုးရှိသည်သာမက အချိန်သည်လည်းတန်ဖိုးရှိ
- ဆက်လက်၍လည်း နိုင်ငံတော်အတွက် ကောင်းမွန်သည့်လုပ်ငန်းရပ်များကို ဖော်ဆောင်သွားကြရမည်ဖြစ်ပြီး အချိန်၊ ငွေကြေးနှင့် လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားကြရန်လို၊ ခွင့်ပြုငွေများကို သတ်မှတ်ထားသည့်အချိန်အတွင်း၌ ထိထိရောက်ရောက်အကျိုးရှိရှိသုံးစွဲပြီး ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ရုပ်လုံးပေါ်လာရန်လို

*စာမျက်နှာ ၅ မှ*

ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့ ဆောင်ရွက်ရန် လိုအပ်သည့်ဌာနများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း အကျိုးရှိအောင် ပြန်လည်လွှဲပြောင်း သုံးစွဲခွင့်ပြုနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များကို ထပ်မံထောက်ပံ့ပေးရမည့် ထောက်ပံ့ငွေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ်တွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က ဆွေးနွေးအတည်ပြုပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို အဆင့်ဆင့် စိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်လည်မှုကို အထောက်အကူဖြစ်စေရန် လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေးအပြင် ထပ်မံတိုးမြှင့်ထောက်ပံ့ပေးခဲ့မှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေနှင့် လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေနှင့် အခွန်ဝေစုများ ခွင့်ပြုဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အထွေထွေပိုလျှံရန်ပုံငွေမှ သုံးစွဲမည့် ကိစ္စရပ်များ၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ မူလခန့်မှန်းခြေငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေမူကြမ်းနှင့် ၂၀၂၅-၂၀၂၆ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပြည်သူလူထုတို့မှ အဆိုပြုတောင်းခံထားသည့် လုပ်ငန်းရပ်များကဏ္ဍတို့တွင် အသုံးပြုနိုင်ရေးအတွက် ဖြည့်စွက်ခွင့်ပြုငွေများကို အသီးသီးတင်ပြကြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးကော်မရှင် ကိစ္စရပ်များဖြစ်သည့် အသေးစိတ်ငွေလုံးငွေရင်းစာရင်းများ၊ သာမန်ငွေစာရင်းများအား အဆင့်ဆင့်စိစစ်ခဲ့မှု၊ နောက်ထပ်ဘဏ္ဍာငွေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်အမှာစကားပြောကြားရာတွင် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဘတ်ဂျက်ရငွေများကို အမှန်တကယ်ရရှိအောင်နှင့် သုံးငွေများကို အမှန်တကယ်အကျိုးရှိသည့် နေရာများတွင်သာ အသုံးပြုရန်လိုကြောင်း ပြောကြားသည်။

### ဘဏ္ဍာငွေများ စနစ်တကျသုံးစွဲ

ဆက်လက်၍ ဖြည့်စွက်ခွင့်ပြုငွေများတင်ပြတောင်းခံရာတွင် အချိန်တိုကာလအတွင်း အမြန်ဆုံးအကျိုးဖြစ်စေမည့်လုပ်ငန်းများကို တင်ပြတောင်းခံသွားရန်လိုကြောင်း၊ ပိုလျှံရန်ပုံငွေများကို နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသောလုပ်ငန်းများနှင့် ပြည်သူလူထုတို့မှ တောင်းဆိုသည့်နေရာများတွင် အမြန်ဆုံးလုပ်ငန်းဖော်ဆောင်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများကို အကျိုးရှိရှိဖြင့် စနစ်တကျသုံးစွဲသွားရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဝန်ကြီးဌာနများအနေဖြင့် ကြပ်မတ်စစ်ဆေး ဆောင်ရွက်ကြစေလိုကြောင်း။

ပြည်သူလူထုအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အတွက်အကျိုးရှိမည့် လုပ်ငန်းရပ်များကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ လာမည့်ဘတ်ဂျက်နှစ်တွင်လည်း အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းရပ်များအတွက် ဘဏ္ဍာငွေများကို တင်ပြတောင်းခံသွားရန်လိုပြီး သတ်မှတ်ကာလအတွင်း ခွင့်ပြုငွေများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချသွားနိုင်ရန်လိုကြောင်း၊ ခွင့်ပြုငွေများကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက နိုင်ငံတော်အတွက်လည်း အကျိုးရှိစေမည်ဖြစ်ကြောင်း၊ **မိမိတို့၏ အချိန်နှင့်ငွေကြေးများကို အကျိုးရှိစွာ အသုံးချနိုင်မှုမရှိခြင်းသည် နိုင်ငံတော်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်**ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအကျပ်အတည်း၊ အခက်အခဲများ၊ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြုံတွေ့ခဲ့ရမှုများကို ကြံ့ကြံ့ခံ၍ ယနေ့အချိန်အထိ နိုင်ငံတော်ကို ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုပေးမည့် ဘဏ္ဍာငွေသည် ငွေရေးကြေးရေးတန်ဖိုးအရ တန်ဖိုးရှိသည်သာမက အချိန်သည်လည်း တန်ဖိုးရှိကြောင်း၊ ထို့ကြောင့် ဆက်လက်၍လည်း **နိုင်ငံတော်အတွက် ကောင်းမွန်သည့်လုပ်ငန်းရပ်များကို ဖော်ဆောင်သွားကြရမည်ဖြစ်ပြီး အချိန်၊ ငွေကြေးနှင့် လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားကြရန်**လိုကြောင်း၊ ခွင့်ပြုငွေများကို သတ်မှတ်ထားသည့်အချိန်အတွင်း၌ ထိထိရောက်ရောက် အကျိုးရှိရှိသုံးစွဲပြီး ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ရုပ်လုံးပေါ်လာရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်နှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်က အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကနေ ပြည်သူတို့၏ လူမှုစီးပွားဘဝကိုမြှင့်တင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME များ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် အမျိုးသားပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် အလေးထားမြှင့်တင်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံစသည့် အဆောက်အအုံများ၊ လမ်းများ၊ အိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့် အသုံးစရိတ်များနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်များကို အဓိကထားခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းပါ လုပ်ငန်းအချို့ကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် အဆိုပါ လုပ်ငန်းများ၏ အသုံးစရိတ်များကို "အထွေထွေပိုလျှံရန်ပုံငွေ" (GRF) သို့ အမြန် အပ်နှံကြရန်လိုကြောင်း၊ သို့မှသာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့ ဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကို ပြန်လည်လွှဲပြောင်းသုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်လည်မှုရှိစေရန် လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေးအပြင် ထပ်မံပြီး ကျပ် ၃၀,၀၀၀ ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှစ၍ ခံစားခွင့်ပြုခဲ့ကြောင်း၊ ထိုကဲ့သို့ တိုးမြှင့်ခံစားခွင့်ပြုလိုက်သည့်အတွက် လိုအပ်လာသည့် အပိုထောက်ပံ့ကြေးများကို ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းမပြုစေဘဲ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းဖြစ်စေ၊ "အထွေထွေပိုလျှံရန်ပုံငွေ"(GRF)သို့ အပ်နှံပြီး ပြန်လည်လွှဲပြောင်းသုံးစွဲခြင်းဖြစ်စေ ဆောင်ရွက်ပြီး အသားတင်ထပ်မံလိုငွေများကို ပြည်ထောင်စု၏ "အထွေထွေပိုလျှံရန်ပုံငွေ" (GRF) မှ လွှဲပြောင်းသုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း။

### သတိပေးမှာကြားလို

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း၌ ပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ပိုလျှံငွေအများအပြားပြန်လည်အပ်နှံရမှု မဖြစ်စေရေးကို အထူးဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယခုခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လျာထားခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် သုံးစွဲမှုများကိုလည်း စနစ်တကျစာရင်းစစ်ဆေးမှုခံယူနိုင်ကြရန်ကိုလည်း သတိပေးမှာကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်များ၊ ဆောင်ပုဒ်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လုပ်ငန်းအသုံးစရိတ်များကို စနစ်တကျ ခွဲခြားသုံးသပ်ပြီး အကျိုးရှိရှိ ထိထိရောက်ရောက်သုံးစွဲကြရန်နှင့် လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရုံး၊ ကျောင်း၊ ဆေးရုံစသည့် အဆောက်အအုံများ၊ လမ်းများ၊ အိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့် အသုံးစရိတ်များနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်များကို အဓိကထားခွင့်ပြုပေးခဲ့ပြီးဖြစ်၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းပါ လုပ်ငန်းအချို့ကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် အဆိုပါလုပ်ငန်းများ၏ အသုံးစရိတ်များကို "အထွေထွေပိုလျှံရန်ပုံငွေ"(GRF)သို့ အမြန်အပ်နှံကြရန်လို၊ သို့မှသာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့ ဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကို ပြန်လည်လွှဲပြောင်းသုံးစွဲခွင့်ပြုသွားမည်ဖြစ်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
ရက်
၆၀
သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျ ကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

# တတိယအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၂၈

ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရှုဇန်ကော့ဗ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသည့် တတိယအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံသို့ မြန်မာ၊ ဟန်ဂေရီ၊ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ဥဇဘက်ကစ္စတန်၊ အာရပ်စော်ဘွား များပြည်ထောင်စု၊ ကမ္ဘောဒီးယား၊ တာဂျစ်ကစ္စတန်၊ အီရန်၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ တို့အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်နှင့် နိုင်ငံတကာ အဖွဲ့အစည်း(၇) ခုတို့မှ ဝန်ကြီးများ၊ သံတမန်များနှင့် နိုင်ငံတကာ သုတေသီများ တက်ရောက်ခဲ့ကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ဘယ်လာရုစ် နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် ညီလာခံသို့ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် Collective Security Treaty Organization (CSTO)၊ Shanghai Cooperation Organization (SCO)၊ Conference on Interaction and Confidence – Building Measures in Asia (CICA) နှင့် Commonwealth on Independence States (CIS) အဖွဲ့အစည်းများမှ အတွင်းရေးမှူးချုပ်များ နှင့် ကိုယ်စားလှယ်များက မိန့်ခွန်းပြောကြားကြသည်။

ဘယ်လာရုစ်နိုင်ငံ သမ္မတကပြောကြားရာတွင် တတိယအကြိမ် ယူရေးရှားဒေသ လုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံမှာ တစ်နှစ်ထက် တစ်နှစ် ပိုမိုထင်ပေါ်ကျော်ကြားလာပြီး နှစ်စဉ် နိုင်ငံတကာအစီအစဉ်များတွင် နေရာယူထားလျက်ရှိပါကြောင်း၊ မတူကွဲပြားသည့် လုံခြုံရေးမူဝါဒကိုလျစ်လျူရှုခြင်းမှာ အမှားတစ်ရပ်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင်ပဋိပက္ခများ မလျော့ပါးသွားခြင်း အဓိကအကြောင်းရင်းမှာ မတူကွဲပြားသည့် လုံခြုံရေးမူဝါဒကို စဉ်ဆက်မပြတ် လျစ်လျူရှုထား၍ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကို အခြားနိုင်ငံ တစ်နိုင်ငံ၏ အခြေအနေကို အသုံးချလျက် တည်ဆောက်ခြင်းမှာ အမှားတစ်ရပ်ဖြစ်သည်ဆိုသည့် အချက်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ(အပေါ်ယာပုံ) က ပြောကြားရာတွင် ကမ္ဘာကြီးသည် နိုင်ငံစုံဗဟုဝင်ရိုးပုံစံသို့ ပြောင်းလဲလျက်ရှိပြီး အာရှ အာဖရိက၊ ယူရေးရှားဒေသမှ နိုင်ငံများက ကမ္ဘာ့အစီအစဉ်ကို ပိုမိုတက်ကြွစွာ ပုံဖော်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထိုကဲ့သို့ပြောင်းလဲပုံဖော်မှုများသည် အပြန်အလှန် လေးစားပြီး သာတူညီမျှမှုကိုအခြေခံသည့် ရေရှည် တည်တံ့သော ကမ္ဘာ့စနစ်ကို တည်ဆောက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် အခွင့်အလမ်း ကောင်းအဖြစ် ရှုမြင်ပါကြောင်း၊ ယခုကမ္ဘာ့ပုံစံသစ်မှာ မြန်မာနိုင်ငံခြားရေးမူဝါဒဖြစ်သည့် လွတ်လပ်၍ တက်ကြွပြီး၊ ဘက်မလိုက်သောမူဝါဒ၊ အပြန်အလှန် လေးစားမှုနှင့် ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်နှင့်ကိုက်ညီပါကြောင်း၊ အချင်းချင်း အပြန်အလှန်မှီခိုတည်မှီနေသည့် ကမ္ဘာပေါ်တွင် လုံခြုံရေးကိစ္စရပ်သည်လည်း နိုင်ငံများ၏ နယ်နိမိတ်ကို ကျော်လွန်ဖြစ်ပေါ်နေသည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ လက်ရှိ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်၌ အပြည်ပြည် ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် စိန်ခေါ်မှု များသည် သမားရိုးကျ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ အပြင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများလည်း ပေါ်ပေါက်လာနေကြောင်း၊ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှု များသည်လည်း သမားရိုးကျကဲ့သို့ပင် အရေးကြီးလာ ပါကြောင်း၊ နယ်စပ်ဖြတ်ကျော်အကြမ်းဖက်မှုများ၏ အရင်းခံသည် သမားရိုးကျမဟုတ်သော လုံခြုံရေး ဆိုင်ရာ စိန်ခေါ်မှုများမှ ဆင်းသက်လာသည်ကို တွေ့မြင်နိုင်ပါကြောင်း။



ရွှေတြိဂံဒေသရှိ တရားမဝင် မူးယစ်ဆေးဝါး လုပ်ငန်းများသည် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်း တစ်ခုလုံး ရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုများမှ တစ်ရပ်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလ အတွင်း နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများက ထိန်းချုပ် ဆောင်ရွက်နေသည့် အွန်လိုင်းလိမ်လည်မှုများသည် တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ထား သည့် နယ်စပ်ဒေသများသို့ ရောက်ရှိလာပါကြောင်း၊ အွန်လိုင်း လိမ်လည်မှုလုပ်ဆောင်သည့် ကွန်ရက်ကို တိုက်ဖျက်ရန် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံ များဖြစ်ကြသည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအစိုးရအနေဖြင့် (၂)နှစ်အတွင်း အွန်လိုင်းလိမ်လည်မှုတွင်ပါဝင်ခဲ့သည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား ၆၇၇၅၁ ဦးအား ထိန်းသိမ်း ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ အခြေအနေတွင် မင့်စ် နိုင်ငံတကာ အဆင့်မြင့်ညီလာခံသည် ယူရေးရှား ဒေသများမှ နိုင်ငံများအကြား ယုံကြည်မှုတည်ဆောက် ရန်နှင့် ဆွေးနွေးတိုင်ပင်ရန်တို့အတွက် တန်ဖိုးမဖြတ် နိုင်သည့် ဆွေးနွေးပွဲစကြီတစ်ခုဖြစ်ပါကြောင်း၊ မြန်မာ နိုင်ငံအနေဖြင့် မတူကွဲပြားမှုနှင့် နိုင်ငံစုံဗဟုဝင်ရိုး ဆိုင်ရာ ယူရေးရှားပဋိညာဉ်နှင့်ပတ်သက်သည့် အတွေး အခေါ်ကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယူရေးရှားစီးပွားရေးဖိုရမ်နှင့် မင့်စ် နိုင်ငံတကာ အဆင့်မြင့်ညီလာခံတို့သို့ ပါဝင်တက်ရောက်ခဲ့ပါ ကြောင်း၊ ထိုသို့ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်နားလည်မှုတည်ဆောက်ရေး၊ ဒေသ တွင်းတည်ငြိမ်မှုရရှိစေရေး၊ ယူရေးရှားဒေသတစ်ခွင် ငြိမ်းချမ်းသာယာဝပြောရေးတို့အတွက် ပူးပေါင်း ဆောင်ရွက်ရာတွင် အကျိုးပြုနိုင်ရန် ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း၊ အာဆီယံ၊ ဘင်းမ်စတက်နှင့် အခြားဒေသတွင်း အဖွဲ့အစည်းများ မှတစ်ဆင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအခြေအနေနှင့် ကိုက်ညီသည့် ရည်မှန်းချက် များကို အကောင်အထည်ဖော်လျက်ရှိပြီး ဒီဇင်ဘာလ ၂၈ ရက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခ များကိုလည်း ဆွေးနွေးမှုများနှင့် ညှိနှိုင်းမှုများမှ တစ်ဆင့် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆက်လက် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ နိုင်ငံအနေဖြင့် ယူရေးရှားဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက် ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ပံ့ပိုးသွားရန် အဆင်သင့်ရှိပါကြောင်း ပြောကြားသည်။

ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံ တကာအဆင့်မြင့်ညီလာခံကို ၂၀၂၃ ခုနှစ်တွင် စတင် ကျင်းပခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ယခု နှစ်တွင် "Global (Dis)Order and the Eurasian Security Puzzle" Theme ဖြင့် တတိယအကြိမ် ကျင်းပခြင်းဖြစ်သည်။

ထို့ပြင် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင့်စ် နိုင်ငံတကာအဆင့်မြင့်ညီလာခံသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးနိုင်သော အပြည်ပြည်ဆိုင်ရာ စကြီများအနက် တစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် ( ၂ / ၂၀၂၅ ) ဖွင့်လှစ်



နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးတို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် ( ၂ / ၂၀၂၅ ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်သည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပပေးရန်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၌ ရွေးကောက်ပွဲအပိုင်း (၁)ကို မြို့နယ် ၁၀၂ မြို့နယ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ယခု ကျင်းပမည့် ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် မဲအများဆုံးရသူအနိုင်ရသည့် FPTP စနစ်အပြင် FPTP စနစ်၏အားသာချက် နှင့် PR စနစ်၏ ကောင်းကျိုးများကို ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP)ကိုပါ အသုံးပြုသွားမည်ဖြစ်ကြောင်း။

ကြိုတင်မဲများမှလွဲပြီး ရွေးကောက်ပွဲနေ့ မဲရုံများ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များဖြင့် တစ်နိုင်ငံလုံးရှိ မဲရုံအားလုံးတွင် လွှတ်တော်အသီးသီးအတွက် လွယ်ကူရိုးရှင်းစွာ မဲပေးရမည်ဖြစ်ကြောင်း၊ MEVM စက်များဖြင့် အများပြည်သူရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲမသမာမှုများ မဖြစ်နိုင်သည့်အပြင် မဲရလဒ်များကိုလည်း အချိန်တိုအတွင်း တိကျမှန်ကန်စွာ ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း၊ ပယ်မဲများ မရှိသဖြင့် မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများအတွက် များစွာအကျိုးသက်ရောက်မှုရှိကြောင်း၊ MEVM မဲပေးစက်မှာ မြန်မာစံချိန်စံညွှန်းဖြစ်သော MMS 63:2025 မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ စံချိန်စံညွှန်းနှင့်အညီ ကိုက်ညီစစ်ဆေးပြီးဖြစ်၍ အရည်အသွေးကိုက်ညီမှုထောက်ခံချက် (Certificate of Conformity – CoC) နှင့် မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ် (MMS Standard Mark) အသုံးပြုခွင့်လိုင်စင်ရရှိထားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲပေးစက်နှင့်စပ်လျဉ်း၍ ရပ်ကွက်/ကျေးရွာအဆင့်အထိ မဲဆန္ဒရှင်ပြည်သူများသို့ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးစေခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါကြောင်း။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်အတွက် မဲစာရင်းများ ကပ်ထားကြေညာချိန်တွင် သွားရောက်ကြည့်ရှု၍ မဲစာရင်းတွင် မပါဝင်ပါက တောင်းဆိုခြင်း၊ မပါသင့်သူများပါဝင်နေပါက ကန့်ကွက်ခြင်း၊ အချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းမပြုမီ သက်ဆိုင်ရာ ဌာနများ၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပူးပေါင်း၍ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုဝင်ဘာလတွင် ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာပေးမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် လာရောက်ကြည့်ရှု၍ ပြင်ဆင်ဖြည့်စွက်ခြင်းများကို ဆောင်ရွက်နိုင်ပါကြောင်း၊ နောက်ဆုံးအကြိမ်အနေဖြင့် ဒီဇင်ဘာလအတွင်း ကပ်ထား ကြေညာပေးမည်ဖြစ်ပြီး ရွေးကောက်ပွဲအတွက် အတည်ပြုမဲစာရင်းရရှိမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပမှ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ၊ ယာယီနေရပ်စွန့်ခွာနေရသည့် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ စနစ်တကျ ကြိုတင်မဲပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၆ ပါတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ ၅၁ ပါတီ၊ စုစုပေါင်း ၅၇ ပါတီ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တစ်သီးပုဂ္ဂလနှင့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ ခွင့်ပြုပေးထားပါကြောင်း။

ယခုဆိုလျှင် ရွေးကောက်ပွဲအပိုင်း (၁) စတင်ကျင်းပရန် ၆၁ ရက်သာလိုတော့ပြီး ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ ရွေးကောက်ပွဲလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ သင်တန်းသားများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန် ယခုကဲ့သို့ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည့်အတွက် အလေးအနက်ထား သင်ယူမှတ်သားကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်းလိုက်နေ့ရက်များတွင် ပြည်တွင်းနှင့်နိုင်ငံတကာ သတင်းမီဒီယာများ သတင်းရယူခွင့်ရှိကြောင်း အသိပေးကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို သတင်းရယူလိုသည့် သတင်းမီဒီယာများအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်များနှင့်အညီ လွတ်လပ်စွာ သတင်းရယူခွင့်ရှိပါသည်။

၂။ သတင်းရယူလိုသည့် ပြည်တွင်းမီဒီယာများကို အထွေထွေရွေးကောက်ပွဲကျင်းပမည့် ခရိုင်တစ်ခုချင်းစီအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များတွင် မီဒီယာတစ်ခုလျှင် (၄) ဦးနှုန်းဖြင့် သတင်းရယူခွင့် ပြုသွားမည် ဖြစ်ပါသည်။

၃။ သတင်းမီဒီယာသမားများသည် ရွေးကောက်ပွဲနေ့သတင်းရယူခွင့် သက်သေခံကတ်ပြားများ လျှောက်ထားရာတွင် -

(က) ပြည်တွင်းသတင်းမီဒီယာသမားများသည် မိမိကိုယ်စားပြုသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းမှ ရွေးကောက်ပွဲသတင်းရယူရန် တာဝန်ပေးစေလွှတ်ထားသူ ဖြစ်ကြောင်း အထောက်အထားစာကိုတင်ပြ၍ သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် လျှောက်ထားရမည်၊

( ခ ) ပြည်တွင်းပုဂ္ဂလိက သတင်းမီဒီယာသမားများသည် ကိုယ်တိုင်ရေးလျှောက်လွှာတွင် မိမိနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်း၏ ထောက်ခံချက်စာကိုတင်ပြ၍ သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။ ခရိုင်တစ်ခုထက်ပို၍ သတင်းရယူလိုပါက သတင်းရယူလိုသည့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံတွင် ထပ်မံလျှောက်ထားရမည်၊

( ဂ ) နိုင်ငံတကာသတင်းမီဒီယာများသည် ပြန်ကြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက စိစစ်ထောက်ခံပေးသည့် နိုင်ငံတကာသတင်းမီဒီယာအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကိုသာ ခွင့်ပြု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၄။ သတင်းမီဒီယာသမားများသည် အပိုင်းလိုက်ကျင်းပမည့် ရွေးကောက်ပွဲနေ့ရက်များအတွက် သတင်းရယူခွင့် သက်သေခံကတ်ပြားများ လျှောက်ထားခြင်းကို ၁၂-၁၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

◆ စာမျက်နှာ ၂၄ မှ

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းအပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၄၆ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာသုံးဦးတို့အား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော် မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဝါခူးဆွတ်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြစ်သား အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် သမဝါယမကဏ္ဍမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုပိုင်ငွေဖြင့် ဆောင်ရွက်သည့် မိုးဝါစိုက်ခင်းတွင် ဝါခူးဆွတ်နေမှုများကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

တောင် တောကုန်းကျေးရွာရှိ တောင်တော ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးသန်းရွှေ၏ ကွင်းအမှတ် (၅၄၉/က)ရှိ ဦးပိုင်အမှတ် (၂၃/၂) စိုက်ဧက သုံးဧကတွင် ဝါမျိုး TBL-195 စိုက်ပျိုးခြင်းဖြစ်သည်။

အသင်းသား တောင်သူ ၈၁ ဦး၏ မိုးဝါစိုက်ပျိုးဧက ၆၆၀ အတွက် ငွေကျပ်သန်း ၇၅ ဒသမ ၅၀၀နှင့် ညီမျှသော တောင်သူစိတ်ကြိုက်မျိုးနှင့် သွင်းအားစု၊ ဓာတ်မြေဩဇာ၊ သဘာဝဓာတ်ဖျန်းမြေဩဇာများ ပံ့ပိုးပေးခဲ့ပြီး ထွက်ရှိလာသော ဝါများကို မြို့နယ်အတွင်းရှိ ဝါကြိတ်စက်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၄၁ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း ( ၂ ) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် ) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်သည့် မြို့နယ် (၁၀၀)မြို့နယ်အား တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

ပူးတွဲ။ အပိုင်း ( ၂ ) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

ပူးတွဲ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့် မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ မချမ်းဘော | |
| | | ၂။ မိုးကောင်း | |
| | | ၃။ ဝိုင်းမော် | |
| ၂ | ကယား | ၁။ ဒီးမော့ဆို | |
| | | ၂။ ဖရူဆို | |
| ၃ | ကရင် | ၁။ ဖာပွန် | |
| | | ၂။ လှိုင်းဘွဲ့ | |
| ၄ | စစ်ကိုင်း | ၁။ ကလေးဝ | |
| | | ၂။ မင်းကင်း | |
| | | ၃။ ဝန်းသို | |
| | | ၄။ ကျွန်းလှ | |
| | | ၅။ မြင်းမူ | |
| | | ၆။ ချောင်းဦး | |
| | | ၇။ ဘုတလင် | |
| | | ၈။ အရာတော် | |
| | | ၉။ ဖောင်းပြင် | |
| | | ၁၀။ မော်လိုက် | |
| | | ၁၁။ ရေဦး | |
| ၅ | တနင်္သာရီ | ၁။ ရေဖြူ | |
| | | ၂။ ကျွန်းစု | |
| | | ၃။ တနင်္သာရီ | |
| ၆ | ပဲခူး | ၁။ ဒိုက်ဦး | |
| | | ၂။ ရွှေကျင် | |
| | | ၃။ ထန်းတပင် | |
| | | ၄။ ရေတာရှည် | |
| | | ၅။ ဇီးကုန်း | |
| | | ၆။ ပေါင်းတည် | |
| | | ၇။ ကဝ | |
| | | ၈။ သနပ်ပင် | |
| | | ၉။ ပေါက်ခေါင်း | |
| | | ၁၀။ ပန်းတောင်း | |
| | | ၁၁။ မိုးညို | |
| | | ၁၂။ မင်းလှ | |
| ၇ | မကွေး | ၁။ ဂန့်ဂေါ | |
| | | ၂။ ဆိပ်ဖြူ | |
| | | ၃။ နတ်မောက် | |
| | | ၄။ မြို့သစ် | |
| | | ၅။ ငဖဲ | |
| | | ၆။ စလင်း | |
| | | ၇။ စေတုတ္တရာ | |
| | | ၈။ ကံမ | |
| | | ၉။ မင်းတုန်း | |
| | | ၁၀။ မင်းလှ | |
| | | ၁၁။ ဆင်ပေါင်ဝဲ | |
| ၈ | မန္တလေး | ၁။ စဉ့်ကိုင် | |
| | | ၂။ ကျောက်ပန်းတောင်း | |
| | | ၃။ တံတားဦး | |
| | | ၄။ ပြည်ကြီးတံခွန် | |
| | | ၅။ မဟာအောင်မြေ | |
| | | ၆။ ဝမ်းတွင်း | |
| | | ၇။ သာစည် | |
| | | ၈။ အမရပူရ | |
| | | ၉။ မတ္တရာ | |
| ၉ | မွန် | ၁။ ဘီးလင်း | |
| | | ၂။ မုဒုံ | |
| | | ၃။ သံဖြူဇရပ် | |
| | | ၄။ ရေး | |
| | | ၅။ ပေါင် | |
| ၁၀ | ရန်ကုန် | ၁။ ဗဟန်း | |
| | | ၂။ ပန်းဘဲတန်း | |
| | | ၃။ လသာ | |
| | | ၄။ ကော့မှူး | |
| | | ၅။ ကွမ်းခြံကုန်း | |
| | | ၆။ ဒဂုံမြို့သစ် (မြောက်ပိုင်း) | |
| | | ၇။ ဒေါပုံ | |
| | | ၈။ ပုဇွန်တောင် | |
| | | ၉။ လှိုင် | |
| | | ၁၀။ ရွှေပြည်သာ | |
| | | ၁၁။ ထန်းတပင် | |
| | | ၁၂။ လှည်းကူး | |
| | | ၁၃။ တောင်ဥက္ကလာပ | |
| | | ၁၄။ ကိုကိုးကျွန်း | |
| | | ၁၅။ ကြည့်မြင်တိုင် | |
| | | ၁၆။ အင်းစိန် | |
| ၁၁ | ရှမ်း | ၁။ ရွာငံ | |
| | | ၂။ ဆီဆိုင် | |
| | | ၃။ ကလော | |
| | | ၄။ မိုင်းခတ် | |
| | | ၅။ မိုင်းပျဉ်း | |
| | | ၆။ မိုင်းဖြတ် | |
| | | ၇။ ရပ်စောက် | |
| | | ၈။ တန့်ယန်း | |
| | | ၉။ မိုင်းရယ် | |
| | | ၁၀။ ကွန်ဟိန်း | |
| | | ၁၁။ မိုင်းတုံ | |
| | | ၁၂။ မိုင်းယောင်း | |
| | | ၁၃။ မိုင်းယန်း | |
| | | ၁၄။ မိုင်းပန် | |
| | | ၁၅။ မောက်မယ် | |
| | | ၁၆။ မိုင်းကိုင် | |
| | | ၁၇။ လဲချား | |
| ၁၂ | ဧရာဝတီ | ၁။ ကျောင်းကုန်း | |
| | | ၂။ ကန်ကြီးထောင့် | |
| | | ၃။ သာပေါင်း | |
| | | ၄။ ကျိုက်လတ် | |
| | | ၅။ ဖျာပုံ | |
| | | ၆။ ဘိုကလေး | |
| | | ၇။ ပန်းတနော် | |
| | | ၈။ ဝါးခယ်မ | |
| | | ၉။ အိမ်မဲ | |



## မဟာအောင်မြေမြို့နယ်၌ ကိုင်ဆောင်လက်မှတ် ပျောက်ဆုံး / ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်းရှိ စိန်ပန်းရပ်ကွက်နှင့် သံလျှက်မော်အနောက်ရပ်ကွက်သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများအနေဖြင့် (၁၈)နှစ်အထက် ကိုင်ဆောင်လက်မှတ်မရှိသူ လေးဦးနှင့် (၁၈)နှစ်အထက် ကိုင်ဆောင်လက်မှတ်ပျောက်ဆုံး/ပျက်စီးသူ ၂၈၅ ဦး စုစုပေါင်း ၂၈၉ ဦးအား မိတ္တူထုတ်ပေးခြင်းကို အောက်တိုဘာ ၂၈ ရက်က ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးနေမှုအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်နှင့်အဖွဲ့ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာ့တပ်မတော်(ရေ)နှင့် ရုရှားရေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် ရုရှားရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Aleksandr A.Moiseev ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၁၉ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံအခြေစိုက် ရုရှားစစ်သံမှူး Colonel KURCHENKO Sergey Semenovich နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



### သွားရောက်လေ့လာ

ခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၀ ရက်တွင် ဗလာဒီဗော့စတော့မြို့ရှိ ရုရှားရေတပ် Pacific Fleet ၏ အမှတ်(၁၉) ရေငုပ်သင်္ဘောတပ်မသို့သွားရောက်ခဲ့ရာ Primorskaya Flotilla ၏ စစ်ရေယာဉ်စုမှူးဖြစ်သူ ဗိုလ်ချုပ် A.U.Sysoev နှင့် အရာရှိကြီးများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုကြသည်။ ထို့နောက် ရုရှားစစ်ရေယာဉ် Hero Of The Russian Federation Aldar Tsydenzhapov နှင့် ရေငုပ်သင်္ဘော Komsomolsk on Amur သို့ သွားရောက်လေ့လာ၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး Pacific Fleet Museum သို့ သွားရောက်လေ့လာကြသည်။ ၎င်းနောက် ရုရှားရေတပ်၊ Pacific Fleet ကွပ်ကဲမှုဌာနချုပ်သို့သွားရောက်ရာ Pacific Fleet Commander ဖြစ်သူ ဗိုလ်ချုပ်ကြီး Viktor N.Liina နှင့်အရာရှိကြီးများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုကြပြီး အစည်းအဝေးခန်းမတွင် နှစ်နိုင်ငံရေတပ်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ၎င်းနောက် Russia My History ပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

အောက်တိုဘာ ၂၃ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ JSC Admiralty Shipyard သို့ သွားရောက်လေ့လာရာ သင်္ဘောကျင်းတာဝန်ရှိသူများက ရေယာဉ်တည်ဆောက်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး သင်္ဘောကျင်းပြတိုက်သို့ ကြည့်ရှုလေ့လာကြသည်။ ၎င်းနောက် JSC Midle Nevsky Shipbuilding Plant သို့ သွားရောက်ပြီး သံပြားအစားထိုး စွမ်းအားမြင့်ပလတ်စတစ်ဖိုက်ဘာ နည်းပညာ (Glass Reinforced Plastics-GRP)ဖြင့် ရေယာဉ်တစ်စင်းလုံးအား တည်ဆောက်နေမှုများကို လေ့လာဆွေးနွေးကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၄ ရက်တွင် စိန့်ပီတာစဘတ်မြို့ရှိ ရုရှားရေတပ်ရုံးချုပ်သို့သွားရောက်ခဲ့ရာ ရုရှားရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Aleksandr A.Moiseev နှင့်အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့သည် ရုရှားရေတပ်ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံရေတပ်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ရုရှားရေတပ်ဦးစီးချုပ်ရုံးခန်း၊ အစည်းအဝေးခန်း၊ စာကြည့်တိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။ ညပိုင်းတွင် ရုရှားရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

### ဆွေးနွေး

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း စိန့်ပီတာစဘတ်မြို့ရှိ Hermitage ပြတိုက်သို့ သွားရောက်လေ့လာခြင်း၊ အဆင့်မြင့်နည်းပညာဖြင့် တီထွင်ထုတ်လုပ်မှုများ ပြုလုပ်နေသော Special Technology Centre(STC) သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အောက်တိုဘာ ၂၅ ရက်တွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr.Evgeny Grigoryev နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၆ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၆၈ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၆ ဦးအား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၆၈ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့သည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ First Secretary Mr. David Leonard Hatumena နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မဲ့ထော်သလေး(KK Park) နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပါကစ္စတန်နိုင်ငံသား ၆၀၊ ကင်ညာနိုင်ငံသား ၅၆ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄၁ ဦးနှင့် အိန္ဒိယနိုင်ငံသား ၁၁ ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၆၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာလ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၆၄၀ ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၂၈၇ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၂၆၅၀ ဧကထိ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၂၆၅၀ ဧကအထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာစိုက်ဧက ၁၆၁၅၀ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါနေကြာသီးနှံ စိုက်ပျိုးခြင်းကို ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ၂၆၅၀ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများ နေကြာသီးနှံကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နေကြာသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀

၀-၀-၀-၀-၀






## 2025 WTA Finals တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၃၁ရက်တွင် စတင်မည်

**လန်ဒန် အောက်တိုဘာ ၂၈**

ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 WTA Finals တင်းနစ်ပြိုင်ပွဲကို လာမည့် အောက်တိုဘာ ၃၁ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 WTA Finals တင်းနစ် ပြိုင်ပွဲကို အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ၁၀ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 WTA Finals တင်းနစ် ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

WTA Finals တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်မယ် Coco Gauff ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## မူနော့ဇ်အား စတာလင်ပေါင် ၂၆ဒသမ ၂သန်းဖြင့် ကမ်းလှမ်းရန် ဘာစီလိုနာအသင်း စီစဉ်

**လန်ဒန် အောက်တိုဘာ ၂၈**

ဘာစီလိုနာအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား မူနော့ဇ်အား စတာလင်ပေါင် ၂၆ဒသမ ၂ သန်းဖြင့် ကမ်းလှမ်းရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၆ပွဲ ကစားပြီး ၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း မူနော့ဇ်အတွက် ဘာစီလိုနာအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် လာမည့် ဈေးကွက်အတွင်းတွင် မူနော့ဇ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## နည်းပြ တူဒေါ်အား နည်းပြရာထူးမှ ဂျူဗင်တပ်အသင်း ထုတ်ပယ်

**တူရင် အောက်တိုဘာ ၂၈**

ဂျူဗင်တပ်အသင်းသည် လက်ရှိအချိန် ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ တူဒေါအား နည်းပြရာထူးမှထုတ်ပယ်လိုက်ပြီဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပွဲစဉ် ၈ပွဲကစားအပြီးတွင် ရမှတ် ၁၂မှတ်ဖြင့် အဆင့် ၈နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားခြင်းကြောင့် နည်းပြတူဒေါ်အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ တူဒေါ်သည် ဂျူဗင်တပ်အသင်းအား ၂၀၂၅ခုနှစ် မတ် ၂၃ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၄ပွဲတွင် ၁၀ပွဲနိုင်၊ ၈ပွဲသရေ၊ ၆ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဂျူဗင်တပ်အသင်းထုတ်ပြန်ချက်တွင် 'နည်းပြ တူဒေါ်အား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ခန့်အပ်သွားမှာပါ' ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## ဟင်နရီမက်ခီတာယန် ပေါင်ကြွက်သားဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိ



**မီလန် အောက်တိုဘာ ၂၈**

အင်တာမီလန်အသင်း ကွင်းလယ်ကစားသမား ဟင်နရီမက်ခီတာယန် ပေါင်ကြွက်သားဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် စီးရီးအေပွဲစဉ်အဖြစ် အင်တာမီလန်အသင်းက နာပိုလီအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဟင်နရီမက်ခီတာယန် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အင်တာမီလန်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၆)နှစ်အရွယ်ရှိ ဟင်နရီမက်ခီတာယန်သည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၆ပွဲကစားကာ ၈ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ **(အပေါ်ခဲပုံ) (NGB)**

## ကက်ဆီအား ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းနှင့် ဆီဗီလာအသင်းတို့ စိတ်ဝင်စား


**လန်ဒန် အောက်တိုဘာ ၂၈**

ဝက်စ်ဟမ်းအသင်းနှင့် ဆီဗီလာအသင်းတို့သည် မန်ယူအသင်းတိုက်စစ်မှူး ဇက်ဇီအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မန်ယူအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၄ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းနှင့် ဆီဗီလာအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း ဇက်ဇီအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းနှင့် ဆီဗီလာအသင်းတို့အနေဖြင့် မည်သည့်အသင်းက မန်ယူအသင်းထံမှ ဇက်ဇီအား ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**




## မီလင်ကိုဗစ် အယ်လ်ဟီလာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် အောက်တိုဘာ ၂၈**

ဆော်ဒီကလပ် အယ်လ်ဟီလာအသင်းသည် အသင်း ကွင်းလယ်ကစားသမား မီလင်ကိုဗစ်ကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အယ်လ်ဟီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၁၀ကစားပြီး ၃၃ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အသက်(၃၀)နှစ်အရွယ်ရှိ မီလင်ကိုဗစ်က 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်' ဟု ပြောသည်။ **(ခဲပုံ) (NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* စပါးအသင်းနည်းပြ သောမတ်စ်ဖရန့်ခ်က မိမိအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ ဆုဖလားများစွာ ရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

* မန်ယူအသင်း နောက်ခံကစားသမားဟောင်း ဂယ်ရီနဗီးလ်သည် ပရီးမီးယားလိဂ် ဂုဏ်ထူးဆောင်စာရင်း Hall of Fame မှာ ထည့်သွင်းဖော်ပြခြင်းခံခဲ့ရသည်။ **(NGB)**

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃၀-၁၀-၂၀၂၅ | (၂)ရိုးမား – ပါးမား(၁၅) | ရိုးမား ၅-၀ ပါးမား | ရိုးမား(အိမ်) | ၄ | ၂ | - | ၂ | ၃ | ၂ |
| နံနက် ၀၀:၀၀နာရီ | (W,W,W,L,W) (D,W,L,D,D) | ပါးမား ၀-၁ ရိုးမား | ပါးမား(ဝေး) | ၄ | - | ၂ | ၂ | - | ၄ |
| 〃 | (၆)ကိုမို – ဗီရိုနာ(၁၇) | ကိုမို ၃-၂ ဗီရိုနာ | ကိုမို(အိမ်) | ၄ | ၂ | ၂ | - | ၆ | ၂ |
| | (W,D,D,W,D) (D,L,L,D,D) | ဗီရိုနာ ၁-၁ ကိုမို | ဗီရိုနာ(ဝေး) | ၄ | - | ၂ | ၂ | ၁ | ၇ |
| 〃 | (၈)ဂျူဗင်တပ် – အူဒီးနီးစ်(၉) | ဂျူဗင်တပ် ၂-၀ အူဒီးနီးစ် | ဂျူဗင်တပ်(အိမ်) | ၄ | ၂ | ၂ | - | ၇ | ၄ |
| | (D,D,D,L,L) (L,L,D,D,W) | အူဒီးနီးစ် ၀-၂ ဂျူဗင်တပ် | အူဒီးနီးစ်(ဝေး) | ၄ | ၂ | ၁ | ၁ | ၅ | ၅ |
| ၃၀-၁၀-၂၀၂၅ | (၅)ဘိုလော့ညာ – တိုရီနို(၁၂) | ဘိုလော့ညာ ၃-၂ တိုရီနို | ဘိုလော့ညာ(အိမ်) | ၃ | ၃ | - | - | ၇ | ၁ |
| နံနက် ၀၂:၁၅နာရီ | (W,D,W,W,D)(L,L,D,W,W) | တိုရီနို ၀-၂ ဘိုလော့ညာ | တိုရီနို(ဝေး) | ၄ | ၁ | ၁ | ၂ | ၅ | ၁၀ |
| 〃 | (၄)အင်တာမီလန် – ဖီအိုရင်တီးနား(၁၈) | အင်တာမီလန် ၂-၁ ဖီအိုရင်တီးနား | အင်တာ(အိမ်) | ၄ | ၃ | - | ၁ | ၁၂ | ၄ |
| | (W,W,W,W,L) (L,D,L,L,D) | ဖီအိုရင်တီးနား ၃-၀ အင်တာမီလန် | ဖီအို(ဝေး) | ၄ | - | ၃ | ၁ | ၂ | ၃ |
| 〃 | (၂၀)ဂျီနိုအာ – ခရီမိုနီ(၁၁) | ဂျီနိုအာ ၄-၁ ခရီမိုနီ | ဂျီနိုအာ(အိမ်) | ၄ | - | ၂ | ၂ | - | ၄ |
| | (L,L,L,D,L) (D,D,L,D,D) | ခရီမိုနီ ၁-၁ ဂျီနိုအာ | ခရီမိုနီ(ဝေး) | ၄ | ၁ | ၂ | ၁ | ၄ | ၆ |

### အင်္ဂလိပ် ကာရာဘောင်း လိဂ်ဖလားဘောလုံးပြိုင်ပွဲ (၁၆-သင်းအဆင့်)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၃၀-၁၀-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၂:၁၅နာရီ | အာဆင်နယ် (ပရီးမီးယား-၁) – ဘရိုက်တန် (ပရီးမီးယား-၁၃) |
| 〃 | 〃 | လီဗာပူး (ပရီးမီးယား-၇) – ပဲလေ့စ် (ပရီးမီးယား-၁၀) |
| 〃 | 〃 | ဆွမ်ဆီး (ချန်ပီယံရှစ်-၁၃) – မန်စီးတီး (ပရီးမီးယား-၅) |
| 〃 | 〃 | ဝုဖ် (ပရီးမီးယား-၂၀) – ချဲလ်ဆီး (ပရီးမီးယား-၉) |
| ၃၀-၁၀-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၀၂:၃၀နာရီ | နယူးကာဆယ် (ပရီးမီးယား-၁၂) – စပါး (ပရီးမီးယား-၃) |

### AFC ချဲလ်လင်းလိဂ် ဘောလုံးပြိုင်ပွဲ(အုပ်စု-E)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၂၉-၁၀-၂၀၂၅ ဗုဒ္ဓဟူးနေ့ | မွန်းလွဲ ၂:၃၀နာရီ | ပန္နပ်ပင်ကရောင်း (ကမ္ဘောဒီးယား-၃) – ရှမ်း (မြန်မာ-၂) | ပန္နပ်ပင်ကရောင်း ၄-၀ ရှမ်း<br>ရှမ်း ၂-၁ ပန္နပ်ပင်ကရောင်း |

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



လေးစားအပ်ပါသော မိတ်ပြည်သူများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီ ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်ကစပြီး ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို စတင်ကျင်းပမှာဖြစ်ပါတယ်။

လာမယ့်ရွေးကောက်ပွဲဟာ လွတ်လပ်တရားမျှတပြီး မှတ်ကျောက်တင်နိုင်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်အောင် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ချက်နဲ့အတူ နိုင်ငံတော်အစိုးရနဲ့ ရွေးကောက်ပွဲကော်မရှင်တို့က ပြည်တွင်း/ပြည်ပ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို ဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားမှာဖြစ်လို့ ပေါ်ထွက်လာမယ့် ရွေးကောက်ပွဲရလဒ်နဲ့ အစိုးရသစ်သည်လည်း တရားဝင်မှုကို ရှိစေမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိတ်ပြည်သူများခင်ဗျား-**

လာမယ့်ရွေးကောက်ပွဲအတွက် ကျွန်တော်တို့ ပါတီရဲ့ဆောင်ပုဒ်က "ပိုမိုခိုင်မာပြည်မြန်မာ" ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ဝယ်ရရှိထားပြီးဖြစ်တဲ့ အခြေခံကောင်းတွေအပေါ်မူတည်ပြီး ပိုမိုခိုင်မာအင်အားတောင့်တင်းလုံခြုံအေးချမ်းတဲ့နိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရမယ်ဆိုတဲ့ နိမိတ်ပုံကိုယူပြီး သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ လွန်ခဲ့တဲ့ (၃)နှစ်တာကာလအတွင်း ပြည်သူလူထုရဲ့ အဓိကလိုအင်ဆန္ဒတွေကို စနစ်တကျလေ့လာပြီး ပါတီတာဝန်ရှိသူတွေက ဘာသာရပ်ဆိုင်ရာ လက်တွေ့ကျွမ်းကျင်သူတွေကို ဖိတ်ကြား၍ ကြိမ်ဖန်များစွာ ဆွေးနွေးကြပြီး နိုင်ငံတော်ရဲ့ အနာဂတ်အစီအမံတွေကို ဆွေးနွေးအဖြေရှာခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်တွေဟာ ဒို့တာဝန်အရေးသုံးပါးကို အခြေခံပြီး ကဏ္ဍစုံ၊ နယ်ပယ်စုံ ဆွေးနွေးခဲ့ကြတာဖြစ်လို့ ပါတီရဲ့အနာဂတ်အစီအမံ ကတိကဝတ်တွေအဖြစ် ပါတီရဲ့ရွေးကောက်ပွဲကြေညာစာတမ်းမှာ အပြည့်အစုံဖော်ပြထားပြီးဖြစ်ပါတယ်။

ပထမဦးဆုံး ကျွန်တော်တို့လုပ်ရမယ့် လုပ်ငန်းစဉ်ကတော့ နိုင်ငံတော်ကဏ္ဍအသီးသီးရဲ့လက်ရှိအခြေအနေတွေကို ပြည်တွင်းကျွမ်းကျင်ပညာရှင်တွေနဲ့ "လေ့လာ၊ သုံးသပ်၊ ဆန်းစစ်ခြင်း" လုပ်ငန်းကို စတင်ပြုလုပ်သွားမှာဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် ဦးစားပေးကဏ္ဍအလိုက် ထုတ်နုတ်ပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ပါတီရဲ့ နိုင်ငံအတွက် အခြေခံစဉ်းစားချက်ဖြစ်ပါတယ်။

ဒီနေ့တင်ပြချက်တွေဟာ အချိန်ကန့်သတ်ချက်အရ ပြည်သူတွေရဲ့ အဓိကလိုလားချက်တွေဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ အေးချမ်းစွာနေထိုင်လိုမှု၊ အခြေခံစားဝတ်နေရေးအဆင်ပြေစေလိုမှု စတာတွေကို အဓိကထားပြောကြားမှာဖြစ်ပြီး ဆက်စပ်ပတ်သက်နေတဲ့ နယ်ပယ်ကဏ္ဍတချို့ကိုပါ အကျဉ်းချုပ်ထုတ်နုတ်တင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးနဲ့ပတ်သက်ရင် တပ်မတော်နဲ့ အစဉ်လက်တွဲပြီး ကူညီပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးကဏ္ဍနဲ့ ပတ်သက်လာရင် တရားဥပဒေစိုးမိုးရေးအင်အားစုတွေလို့ခေါ်ရတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အခွန်ဦးစီးဌာန၊ တရားရေးဌာနနဲ့ ဥပဒေဌာန စသည်ဖြင့် များစွာသော အဖွဲ့အစည်းတွေနဲ့ ဘက်စုံထောင့်စုံ ပီပီပြင်ပြင် ချိတ်ဆက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်မီနည်းပညာတွေ ဖြည့်တင်းပြီး အင်အားတိုးမြှင့်ခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ကို တည်ဆောက်ခြင်း၊ ရဲတက္ကသိုလ်တစ်ခု သီးခြားဖွင့်လှစ်ပြီး အကြမ်းဖက်မှု၊ ပြည်တွင်းလုံခြုံရေးနဲ့ မှုခင်းနှိမ်နင်းရေးကို အရည်အသွေးပြည့်မီစွာ ထမ်းဆောင်နိုင်ဖို့ စီမံဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်ရှိဖွဲ့စည်းပုံမှာ လိုအပ်နေတဲ့ တိရစ္ဆာန်များစနစ်တကျ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်မြေ ထိန်းသိမ်းစောင့်ရှောက်ရေး ရဲတပ်ဖွဲ့အပါအဝင် လိုအပ်သော လုံခြုံရေးအဖွဲ့အစည်းတွေကို တိုးချဲ့ဖွင့်လှစ်သွားပါမယ်။

ရဲစခန်းတစ်ခုပိုင်နယ်မြေအတွင်းမှာရှိတဲ့ အိမ်ရာတိုင်းကို သက်ဆိုင်ရာနယ်မြေရဲစခန်းနဲ့ ချိတ်ဆက်မှုစနစ်မျိုး တည်ဆောက်ထားခြင်း၊ အနီးဝန်းကျင်ရှိ ရဲစခန်းအချင်းချင်း အချိန်နဲ့တစ်ပြေးညီ ကွန်ရက်ဆက်သွယ်မှုစနစ်ကို ထူထောင်ခြင်းတွေ ပြုလုပ်ပြီး တရားဥပဒေစိုးမိုးရေးနဲ့ ရာဇဝတ်မှုနှိမ်နင်းခြင်းတွေကို ပိုမိုအားဖြည့် ဆောင်ရွက်သွားပါမယ်။

အုပ်ချုပ်ရေးကဏ္ဍမှာ အစိုးရအုပ်ချုပ်ရေးစနစ်အသွင်မှ ပြည်သူ့အုပ်ချုပ်ရေး စနစ်အသွင်သို့ ပြောင်းလဲခြင်း၊ ဟန့်တားကြန့်ကြာစေတဲ့ ကြိုးနီစနစ်တွေကို ဖယ်ရှားပစ်ခြင်း စတာတွေကို အထူးအလေးထား ဆောင်ရွက်သွားပါမယ်။

တရားစီရင်ရေးကဏ္ဍမှာ ဘက်လိုက်မှု၊ ကြန့်ကြာမှု၊ အဂတိမှုတွေ မဖြစ်ပေါ်စေရေးအတွက် စနစ်တကျစောင့်ကြည့်လေ့လာရေး ယန္တရားတစ်ရပ်ထူထောင်ပြီး လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာအောင် ဆောင်ရွက်သွားပါမယ်။

နိုင်ငံသားတိုင်းဟာ ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေတွေရဲ့အကာအကွယ်ကို အပြည့်အဝခံစားရရှိစေဖို့ ဆောင်ရွက်သွားပါမယ်။

အခြေခံစားဝတ်နေရေး အဆင်ပြေစေရေးနဲ့ပတ်သက်ပြီး ကုန်စည်စီးဆင်းမှု လျင်မြန်မှန်ကန်စေဖို့ ဟန့်တားနေတဲ့ အတားအဆီးတွေအားလုံး ဖယ်ရှားခြင်း၊ စိုက်ပျိုးရေးနဲ့မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ သီးနှံဇုန်၊ မွေးမြူရေးဇုန်၊ ရော်ဘာဇုန်၊ သားငါးဇုန်၊ အလှပန်းမန်ဇုန် စသည်ဖြင့် သီးခြားဇုန်တွေသတ်မှတ်၍ သွင်းအားစုတွေကို အကောက်ခွန်နှုန်း လျှော့ချတင်သွင်းစေပြီး အစိုးရသက်တမ်းတစ်ခုအတွင်းမှာ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်ကာ ပို့ကုန်/သွင်းကုန် မူဝါဒတွေကို ပြန်လည်ဆန်းစစ်ခြင်း၊ ဇုန်တွေက ထွက်ရှိသော ထွက်ကုန်တချို့အား ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်ခြင်းများ ပြုလုပ်ခြင်းဖြင့် ကုန်စည်ဈေးနှုန်းတွေ ကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်းတို့ကိုလည်း တစ်ပါတည်း ပူးတွဲဆောင်ရွက်သွားပါမယ်။

စီးပွားရေးကဏ္ဍမှာ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ သွင်းကုန်မူဝါဒ၊ ပို့ကုန်မူဝါဒ၊ ကုန်သွယ်မှုမူဝါဒတွေကို နိုင်ငံတော်နဲ့ ပြည်သူအားလုံးအတွက် လုပ်သာကိုင်သာရှိသော အခြေအနေမျိုးဖြစ်အောင် စီစစ်ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင် မိတ်ပြည်သူများခင်ဗျား-**

ဆက်စပ်ကဏ္ဍတွေအနေနဲ့ လယ်ယာကဏ္ဍမှာ မြန်မာ့တောင်သူလယ်သမားတွေ ကြွေးမြီသံသရာက တစ်စချင်း တစ်စချင်း လွတ်မြောက်အောင် အစိုးရသက်တမ်းတစ်ခုအတွင်း အာမခံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အလုပ်သမားကဏ္ဍအနေနဲ့ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲကြောင့် တည်ငြိမ်အေးချမ်းမှုနဲ့အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမှာဖြစ်လို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုအဆင်ပြေလာမှာဖြစ်ပါတယ်။ ဒီအချက်ကို ထိထိမိမိအသုံးချနိုင်ဖို့အတွက် ပြည်တွင်းရှိ သက်မွေးပညာကျောင်းတွေမှာ "အာဆီယံအဆင့်" သတ်မှတ်နိုင်အောင်စီမံပြီး ပေါ်ပေါက်လာတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ရယူခံစားနိုင်အောင် ဆောင်ရွက်သွားပါမယ်။

အလုပ်သမားတွေရဲ့ လုပ်ခလစာတွေကို လက်ရှိအခြေအနေနဲ့ ကိုက်ညီအောင် တိုးမြှင့်ခြင်း၊ အလုပ်သမားအခွင့်အရေး အကာအကွယ်ပေးရေးဥပဒေတွေကို ဖြည့်စွက်ပြဋ္ဌာန်းခြင်း၊ ပြည်ပသို့ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားအလုပ်သမားအားလုံး တရားဝင်ဖြစ်စေဖို့ အစိုးရချင်းညှိနှိုင်းဆောင်ရွက်ပြီး ၎င်းတို့ရဲ့ မိသားစုထံ လွှဲပြောင်းငွေတွေကို တရားဝင်နည်းလမ်းဖြင့် ပိုမိုအဆင်ပြေချောမွေ့စေရန်လည်း စီမံဆောင်ရွက်ပေးပါမယ်။

ဝန်ထမ်းကဏ္ဍအနေနဲ့ အခြေခံလစာကို လက်ရှိအခြေအနေနဲ့ ကိုက်ညီနိုင်အောင် တိုးမြှင့်ပေးပြီး ကုန်ဈေးနှုန်းတွေ လိုက်လံတိုးမြင့်မလာစေဖို့ လိုအပ်သောဥပဒေများ၊ ထိန်းကျောင်းမှုများ စတာတွေကို ချမှတ်ဆောင်ရွက်သွားပါမယ်။ ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်စဉ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက် သွားလာရေး၊ နေထိုင်ရေးကိစ္စတွေမှာ အခွင့်အရေးများရရှိစေဖို့ စီမံဆောင်ရွက်သွားပါမယ်။ ဝန်ထမ်းတွေအတွက် လူမှုဖူလုံရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေကို ပိုမိုအားဖြည့်ဆောင်ရွက်သွားပါမယ်။

ဝန်ထမ်းအငြိမ်းစားတွေအတွက် ခေတ်နဲ့အညီ ရပ်တည်နိုင်အောင်လည်း စီမံဆောင်ရွက်သွားပါမယ်။ သက်ကြီးရွယ်အိုတွေ၊ အမျိုးသမီးတွေ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ၊ မသန်စွမ်းတွေ ကူညီစောင့်ရှောက်ရေးနဲ့ လိုအပ်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်နိုင်ရေးကိုလည်း ဥပဒေပြဋ္ဌာန်းပြီး အစီအမံတစ်ရပ် ချမှတ်ဆောင်ရွက်သွားပါမယ်။

ပညာရေးကဏ္ဍမှာ နိုင်ငံတော်က ချမှတ်ထားတဲ့ အလယ်တန်းအဆင့်အထိ အခမဲ့ပညာသင်ကြားရေးစနစ်ကို အားဖြည့်ဆောင်ရွက်သွားပါမယ်။ သက်ဆိုင်ရာ တိုင်း/ပြည်နယ်အလိုက် ကျောင်းစတင်အပ်နှံရမယ့် (၅)နှစ်ကျောင်းနေအရွယ်ကလေးများ စာရင်းကောက်ယူရေးလုပ်ငန်း ယန္တရားတစ်ခုကို ဒေသအာဏာပိုင်များ အစီအစဉ်နဲ့ ကွက်လပ်မကျန် ဆောင်ရွက်ပါမယ်။ ယင်းနောက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ရောက်ရှိရေး စီမံသွားပါမယ်။ မိသားစုစားဝတ်နေရေးအတွက် အခြေအနေအမျိုးမျိုးကြောင့် ကျောင်းအပ်နှံမှုမပြုနိုင်တဲ့ ကလေးတွေအတွက် "ကျောင်းပြင်ပ ပညာရေးစနစ်" ကို အစားထိုးဆောင်ရွက်ပြီး ကျောင်းနေအရွယ်အားလုံး ကြွင်းကျန်မှုမရှိရအောင် စီမံဆောင်ရွက်သွားပါမယ်။

အဲဒီနောက် နိုင်ငံတကာအဆင့်မီပညာရေး မြင့်မားလာစေဖို့ သင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားပါမယ်။ ကျောင်းများမှာ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နဲ့ လူ့ကျင့်ဝတ်၊ တရားဥပဒေတို့ကို လေးစားလိုက်နာသော နိုင်ငံသားတွေဖြစ်လာအောင် ကျောင်းသင်ရိုးညွှန်းတမ်းများမှာ ဒီအချက်တွေ ထည့်သွင်းရေးဆွဲပြီး အလယ်တန်းအဆင့်အထိ မသင်မနေရ ဘာသာတစ်ခုအဖြစ် သင်ကြားစေခြင်း၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောင်းသားတိုင်းသည် မိမိဘာသာစကားအပြင် တိုင်းရင်းသားဘာသာစကားတစ်မျိုးမျိုးကို အလယ်တန်းအဆင့်အထိ မသင်မနေရ သင်ယူစေခြင်း စတာတွေကို တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လူငယ်နှင့် အမျိုးသမီးကဏ္ဍနဲ့ ပတ်သက်ရင် ဒီနေ့လုပ်ဆောင်ချက်တွေဟာ အနာဂတ်မျိုးဆက်သစ်လူငယ်တွေအတွက် ရလဒ်ကောင်းတွေ ဖြစ်ထွန်းပေါ်ပေါက်စေဖို့ ဖော်ဆောင်ပေးနေခြင်းဖြစ်ပါတယ်။ အနာဂတ်လူငယ်တွေအတွက် ပဋိပက္ခတွေ၊ နည်းပညာနောက်ကျမှုတွေ စတဲ့လိုအပ်ချက်တွေကို ချန်ထားခဲ့မှာမဟုတ်ဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်တွေအဖြစ် အမွေပေးနိုင်အောင် အဆင့်ဆင့် တိုးမြှင့်အကောင်အထည်ဖော်သွားပါမယ်။

ကျန်းမာရေး ကဏ္ဍအနေနဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေကို တိုးချဲ့မြှင့်တင်ခြင်း၊ ကျေးလက်ဒေသတွေမှာ လူတိုင်း လက်လှမ်းတမီ ကျန်းမာရေးစောင့်ရှောက်မှုစနစ် လွှမ်းခြုံနိုင်မှုကို ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၊ ပြည်သူ၊ ပုဂ္ဂလိက၊ ပရဟိတ စတဲ့ အဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ထူထောင်ခြင်း၊ ပြည်သူ့ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးလုပ်သားများ ဖြည့်တင်းခြင်း၊ ဆေးကုသမှုစရိတ်များ သက်သာအောင်ဆောင်ရွက်ခြင်း၊ ဖြည့်တင်းပေးခြင်းတွေကို တိုးမြှင့်ဆောင်ရွက်သွားပါမယ်။

ပြည်တွင်း/ပြည်ပမှ ထုတ်လုပ်တင်သွင်းတဲ့ စားသောက်ကုန်တွေကို ကျန်းမာရေးနဲ့ ညီညွတ်စေဖို့အတွက် အစားအသောက် ဆေးဝါးစစ်ဆေးရေးအဖွဲ့အစည်း(FDA)ကဲ့သို့သော အဖွဲ့အစည်းတွေကို တိုးချဲ့ဖွဲ့စည်းပြီး ကြပ်မတ်ဆောင်ရွက်သွားပါမယ်။

ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးမြှင့်စေရေးအတွက် ခရီးသွားလုပ်ငန်းအေဂျင်စီများ၊ ပြည်ပရှိ မြန်မာသံရုံးများနဲ့ချိတ်ဆက်ပြီး ခရီးသွားများပြားလာအောင် ဆောင်ရွက်ခြင်း၊ ခရီးသွားဧည့်သည်များအတွက် လုံခြုံပြီး ဆွဲဆောင်နိုင်မှုရှိတဲ့ နေရာတွေနဲ့ အဆင့်မီအပန်းဖြေနေရာတွေ၊ တည်းခိုနေရာတွေ၊ လွယ်ကူကောင်းမွန်တဲ့ သယ်ယူပို့ဆောင်ရေးစနစ်တွေ၊ ဆက်သွယ်ရေးစနစ်တွေ၊ ပြည်ဝင်ဗီဇာစနစ်တွေကို ဖြည့်ဆည်းဆောင်ရွက်သွားပါမယ်။

နိုင်ငံအတွင်းရှိ တန်ဖိုးမြင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေကာကွယ်ထိန်းသိမ်းရေးနဲ့ နိုင်ငံတော်က တရားဝင်ဈေးကွက်ရရှိရေး အစီအမံတွေ ချမှတ်ဆောင်ရွက်သွားပါမယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်ရင် နိုင်ငံတော်က မူအားဖြင့် သဘောတူညီထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒို့တာဝန်အရေး(၃)ပါးကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဖြည့်စွက်ရေးတွေကို နိုင်ငံရေးနည်းလမ်းနဲ့ စဉ်ဆက်မပြတ် ညှိနှိုင်းလုပ်ဆောင်သွားပါမယ်။

တိုင်းရင်းသားရေးရာကဏ္ဍမှာ တိုင်းရင်းသားတွေရဲ့ ဘာသာစကား၊စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု စတာတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားမြှင့်တင်ဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်တင်ခြင်း၊ မတူကွဲပြားခြားနားခြင်းကို အင်အားအဖြစ် တည်ဆောက်ကာ ဤမြေ ဤရေကို အတူတကွ ပူးပေါင်းပိုင်ဆိုင်သူများအဖြစ်ခံယူပြီး လှပသော အနာဂတ်အတွက် လက်တွဲဆောင်ရွက်ရေးကို အလေးပေးဆောင်ရွက်သွားပါမယ်။

ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကဏ္ဍဟာ အချိန်ယူပြီး တစ်ဆင့်ချင်း တည်ဆောက်သွားရမယ့် လုပ်ငန်းစဉ်ဖြစ်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်ရေး၊ အားလုံးပါဝင်နိုင်ရေး စတဲ့ဆောင်ရွက်ဆဲနိုင်ငံရေး ယဉ်ကျေးမှုအတိုင်း တစ်ဆင့်ချင်း ပိုမိုပီပြင်အောင် ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင် မိတ်ပြည်သူများခင်ဗျား-**

ကျွန်တော်တင်ပြလိုသည်များမှာ အများအပြား ကျန်ရှိနေပါသေးတယ်။ အခုတင်ပြတဲ့ ခေါင်းစဉ်တစ်ခုချင်းဟာလည်း အသေးစိတ်အခြေအနေတွေကို ဖော်ပြနိုင်ခြင်းမရှိသေးပါဘူး။ ကျွန်တော်တို့ပါတီအနေနဲ့ ထိရောက်ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှု၊ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်ကို ပိုမိုကျယ်ဝန်းကောင်းမွန်လာအောင် လုပ်ဆောင်နိုင်မှုစွမ်းရည်များရှိခဲ့ကြောင်း အတိတ်သမိုင်းကြောင်းက အခိုင်အမာသက်သေပြဆိုခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံ့တာဝန်အမျိုးမျိုးကို ထမ်းဆောင်ခဲ့ဖူးသူတွေလည်း ပါတီမှာ အများအပြားရှိနေဆဲဖြစ်ပါတယ်။

ဒါကြောင့် ခိုင်မာသောဦးဆောင်မှုနဲ့ ကျစ်လျစ်အားကောင်းသော အင်အားကြီးအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ထောက်ခံအားပေး၊ မဲပေးခြင်းဖြင့် "ပိုမိုခိုင်မာပြည်မြန်မာကြီး"ကို အားလုံးဝိုင်းဝန်း တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ အနာဂတ်အစီအမံတွေကို အကောင်အထည်ဖော်ရာမှာ လုပ်ငန်းစဉ်တွေ အတိအကျရှိပြီးဖြစ်ပါတယ်။ အသေးစိတ်ကျယ်ပြန့်စွာဆွေးနွေးလိုသူ အားလုံးအတွက် အချိန်အခါမရွေး ဖိတ်ခေါ်ကြိုဆိုလျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို လေးစားကျေးဇူးတင်ရှိပါကြောင်း ခင်ဗျား။

**ပါတီသီချင်းစာသား**

ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြည်သူတွေ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့လာပြီ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြည်သူတွေ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့လာပြီ ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့
ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်ဖြိုး ဟေ့

# စက်သုံးဆီတင်သွင်းမှုနှင့် သုံးစွဲမှုအထိ ကွင်းဆက်တစ်ခုလုံးကို ကြီးကြပ်နိုင်ရေး အဆင့်မြှင့်တင်မှုများ ဆောင်ရွက်နေ

**မန္တလေး အောက်တိုဘာ ၂၈**



စက်သုံးဆီများ ပြည်ပမှ တင်သွင်းလာချိန်မှစ၍ နောက်ဆုံး သုံးစွဲသူအထိ ကွင်းဆက်တစ်ခုလုံးကို စောင့်ကြည့်ကြီးကြပ်ထိန်းသိမ်းနိုင်ရေးအတွက် အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာဌာနမှ ထုတ်ပြန်ထားသည်။

စက်သုံးဆီ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးသည့် လုပ်ငန်းများတွင် သိုလှောင်ရုံစခန်းများနှင့် အရောင်းဆိုင်များ၌ အချိန်နှင့်တစ်ပြေးညီ အွန်လိုင်းမှ စောင့်ကြည့်ခြင်းနှင့် ထိုနေရာများတွင် CCTV များ တပ်ဆင်စောင့်ကြည့်မှု ဖြည့်ဆည်းပေးသည့်စနစ်အဖြစ် ပြောင်းလဲဆောင်ရွက်သွားရန်ဖြစ်သည်ဟု ဆိုသည်။

"ခုလို အဆင့်မြှင့်တင်တာက ပြည်တွင်းစွမ်းအင် လိုအပ်ချက်နဲ့ စွမ်းအင်လုံခြုံရေးအာမခံချက်ရှိဖို့၊ အချိန်နဲ့တစ်ပြေးညီ လိုအပ်တဲ့ အစီအမံတွေကို လိုက်နာဆောင်ရွက်ဖို့နဲ့ စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းတွေမှာ လုပ်ကိုင်ကြတဲ့ လုပ်ငန်းရှင်တွေ ကုမ္ပဏီတွေ အားလုံးပါဝင်တဲ့ Supply Chain တစ်ခုလုံးကို အွန်လိုင်းကနေ စောင့်ကြည့်ဖြည့်ဆည်းပေးနိုင်ဖို့ ရည်ရွယ်ပြုလုပ်တာဖြစ်တယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်က ဆောင်ရွက်ပြီးစီးခဲ့သော စောင့်ကြည့်ထိန်းသိမ်းရေးစခန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပျက်စီးမှုများကို မွမ်းမံပြင်ဆင်ခြင်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်ချက်ရှိလျှင် စွမ်းအင်ဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

"သိုလှောင်စခန်းတွေနဲ့ အရောင်းဆိုင်များမှာ Real Time Monitoring စနစ်နဲ့ CCTV တွေ တပ်ဆင်တဲ့ လုပ်ငန်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတပ်ဆင်သွားနိုင်အောင်ဖော်ဆောင်နေပါတယ်။ စက်သုံးဆီတွေ တင်သွင်းသိုလှောင်ဖြန့်ဖြူးတဲ့ လုပ်ငန်းတွေမှာ စောင့်ကြည့်စနစ်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ ဗဟိုဘဏ်အနေဖြင့် စက်သုံးဆီလုပ်ငန်းရှင်များအတွက် အောက်တိုဘာလအတွင်း စတုတ္ထအကြိမ်မြောက်တွင် အမေရိကန်ဒေါ်လာ သန်း ၃၀ ရောင်းချပေးခဲ့ရာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၂ သန်းရှိပြီဖြစ်ကြောင်းနှင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ အကျဈေးဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)



# တန်ဆောင်တိုင်ကာလ ပွဲတော်များကြောင့် ပြည်တွင်းကြက်သွန်နီဈေးကွက် ပြန်လည်မြင့်တက်လာ

**မန္တလေး အောက်တိုဘာ ၂၈**

တန်ဆောင်တိုင်ကာလပွဲတော်များကြောင့် ပြည်တွင်းကြက်သွန်နီဈေးကွက် ပြန်လည်မြင့်တက်လာကြောင်း ကြက်သွန်ကုန်သည်များထံက သိရသည်။

အောက်တိုဘာလ စတုတ္ထပတ်တွင် ပြည်ပဈေးကွက်သို့ တင်ပို့မည့် ကြက်သွန်နီအရွယ်အစားအလိုက် တစ်တန်လျှင် FOB ဈေး အမေရိကန်ဒေါ်လာ ၁၇၀-၃၃၅ အထိ ပေါက်ဈေးရှိကြောင်း မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက သတ်မှတ်ထားသည်။

ကြက်သွန်ဖြူ အရွယ်အစားအလိုက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၆၀-၁၀၄၀ ပေါက်ဈေးရှိနေသည်။

အာဆီယံနိုင်ငံများသို့ တင်ပို့နေသည့် ကြက်သွန်နီဈေးက ယခုသီတင်းပတ်တွင် အမျိုးအစားအလိုက်ဈေးမြင့်တက်လာသည်။ ယခုနှစ်အတွင်း ကြက်သွန်နီဈေးကျဆင်းမှုကြောင့် စိုက်ပျိုးသူများနှင့် ကုန်သည်များ ဆုံးရှုံးမှု ကြုံခဲ့ရပြီး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀-၇၀၀ အထိ ဈေးကျဆင်းခဲ့သည်။

သို့သော်လည်း စက်တင်ဘာလကုန်ပိုင်းမှစ၍ ဈေးအနည်းငယ် ပြန်လည်မြင့်တက်လာရာ လက်ရှိအချိန်တွင် မန္တလေးဈေးကွက်၌ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ကျော်အထိ ပေါက်ဈေးရှိလာသည်။

ပြည်ပပို့ကုန် ကြက်သွန်နီ FOB ဈေးကလည်း အရည်အသွေးနိမ့် တစ်တန်လျှင် ဒေါ်လာ ၁၇၀-၁၈၀ ဖြစ်ပြီး အရည်အသွေးမြင့် တစ်တန်လျှင် ဒေါ်လာ ၃၂၅-၃၃၅ အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမန်း



# ဆန်စပါးသိုလှောင်မှု အဝင်၊အထွက်နှင့် ရောင်းချမှုများကို (MyRO) စနစ်ဖြင့် ကြည့်ရှုစစ်ဆေးနိုင်

**မန္တလေး အောက်တိုဘာ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (MyRO) ဆော့ဝဲလ်တွင် ဆန်စပါးသိုလှောင်မှု အဝင်၊အထွက်များနှင့်ရောင်းချမှု အခြေအနေများကို ကြည့်ရှုနိုင်ခြင်းအားဖြင့် ပြည်တွင်း ဆန်ဖူလုံမှုအခြေအနေနှင့် ဈေးကွက် တည်ငြိမ်မှန်ကန်မှုကို အထောက်အကူပြုနိုင်ကြောင်း သိရသည်။

"တိုင်းဒေသကြီး ကုန်ဈေးနှုန်း တည်ငြိမ်ရေးအဖွဲ့နဲ့ စားသုံးသူရေးရာ ညှိနှိုင်းကြားရေးမှူးချုပ် တို့တွေ့ဆုံပြီး မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆန်အဝင်၊ အထွက်ကို (MyRO)စနစ်နဲ့ သိုလှောင်ထားတဲ့ အခြေအနေ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပါတယ်။ (MyRO) စနစ်နဲ့ မှတ်ပုံတင်ထားတဲ့ အရေအတွက်ကလည်း အခုဆိုရင် ၉၈ ရာခိုင်နှုန်းတိုးတက်လာပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာဇော်လင်းက ပြောသည်။ (အပေါ်ပုံ)

(MyRO) စနစ်တွင် ဆန်စပါးနှင့်သက်ဆိုင်သည့် လုပ်ငန်းရှင်များ မှတ်ပုံတင်နိုင်ရေးအတွက် ဌာနမှမြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၄ နိုဝင်ဘာမှ စတင်၍ ၂၀၂၅ အောက်တိုဘာ ၂၁ ရက်အထိ ဆန်စပါးသိုလှောင်ရုံ၊ ဆန်စက်ပေါင်း ၄၅၆ ခု ရှိလာပြီဖြစ်ရာ ၉၈ ရာခိုင်နှုန်းကျော် တိုးတက်လာကြောင်း သိရသည်။

အဆိုပါ (MyRO) စနစ်တွင် ဝင်ရောက်ကြည့်ရှုပါက ဆန်ဂိုထောင်နှင့် ဆန်စက်များတွင် ဆန်စပါးအိတ်အရေအတွက်များ၊ ထွက်ရှိနိုင်မည့် ဆန်စပါး အိတ်အရေအတွက်များ သိရှိနိုင်သောကြောင့် မန္တလေးတိုင်းဒေသကြီး၏ ဆန်ဖူလုံမှုအခြေအနေကို အချိန်တိုအတွင်း သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"(MyRO)စနစ်ကို သုံးစွဲမှုကြောင့် ဆန်ဈေးနှုန်း မှန်မှန်ကန်ကန်နဲ့ သုံးစွဲနိုင်မယ်။ ဆန်နဲ့ပတ်သက်ပြီး ဆန်ဈေးမကြီးဖို့ ရယ်၊ ဈေးကစားဖို့ ရည်ရွယ်ချက်နဲ့ သိုလှောင်မှုတွေကို (MyRO) စနစ်နဲ့ ကြည့်ခြင်းအားဖြင့် ဆန်ဈေးနှုန်းကြီးမြင့်မှုမဖြစ်အောင် ထိန်းချုပ်သွားနိုင်မှာ ဖြစ်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်း၍ (MyRO)စနစ်တွင် မှတ်ပုံတင်ပြုလုပ်နိုင်ရေးအတွက် ကွင်းဆင်း၍ ဆက်တိုက်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်း၍ ဆန်စပါးရည်ညွှန်းဈေးများကို ထုတ်ပြန်ပေးနေပြီး ၎င်းရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ၊ မရှိ ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

# မန္တလေးတိုင်းဒေသကြီးတွင် စားသုံးဆီဖြန့်ဖြူးရာ၌ (EOS) Software အသုံးပြု ဖြန့်ဖြူး

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီးတွင် စားသုံးဆီဖြန့်ဖြူးရာတွင် အများပြည်သူထံသို့(EOS)Software အသုံးပြု၍ အောက်တိုဘာ ၂၂ရက်က စတင်ဖြန့်ဖြူးပေးလျက်ရှိပြီး ဈေးနှုန်းမှန်၊ အချိန်မှန်နှင့် နေရာမှန်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက သိရသည်။

"(EOS)Software က စားသုံးဆီဖြန့်ဖြူးတဲ့အရေအတွက်၊ အလေးချိန်နဲ့ ဈေးနှုန်းမှန်ကန်မှု ရှိမရှိ အချိန်တိုအတွင်းမှာ ကြည့်ရှုနိုင်မှာဖြစ်သလို စနစ်တကျစစ်ဆေးတဲ့အဖွဲ့တွေနဲ့လည်း စစ်ဆေးသွားမှာပါ။ ဈေးနှုန်းမှန်ကန်ဖို့အတွက် သတင်းစာနဲ့ အွန်လိုင်းတွေကတစ်ဆင့် ရည်ညွှန်းဈေးကို တစ်ပတ်တစ်ကြိမ် ထုတ်ပြန်ပေးနေပါတယ်"ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မန္တလေးတိုင်းဒေသကြီးအတွင်း လစဉ် စားသုံးဆီတန်ချိန် ၆၅၅၀ တန်ရရှိပြီး ကုမ္ပဏီပေါင်း ၂၃ ခုမှ လက်ကား ကိုယ်စားလှယ် ၅၂ ဦး၊ လက်လီဆိုင် ၇၆၀ နှင့် တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"ခုလို ဆောင်ရွက်ခြင်းဖြင့် စားသုံးသူပြည်သူများမှာ ဈေးနှုန်းသက်သက်သာသာနဲ့ ဈေးနှုန်းမှန်အလွယ်တကူ ဝယ်ယူနိုင်မယ့် ကျေးဇူးတွေ ရရှိနိုင်မှာဖြစ်တယ်။ ရည်ညွှန်းဈေးထုတ်ပြန်ရာမှာ သယ်ယူစရိတ်အပေါ် မူတည်ပြီး အမြတ်နှစ်ရာခိုင်နှုန်းနဲ့ တွက်ချက်တယ်"ဟု ဆက်လက် ပြောကြားသည်။ (ဝဲပုံ)

ထို့အပြင် စားသုံးဆီဖြန့်ဖြူးရာ၌ အများပြည်သူအတွက် ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် စက်မှုလုပ်ငန်းများအတွက် လစဉ် စားသုံးဆီပီပါပေါင်း ၁၅၀၀၀ မှ ၂၀၀၀၀ ဝန်းကျင် ဖြန့်ဖြူးပေးသဖြင့် လုံလောက်မှုရှိကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၉)

# မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချွာဆွန်ဟီကို ရုရှားသမ္မတ ဗလာဒီမီယာ ပူတင် လက်ခံတွေ့ဆုံ



**မော်စကို အောက်တိုဘာ ၂၈**

ယခုနောက်ပိုင်း ဆက်ဆံရေး ပိုမိုခိုင်မာလာသည့် ရုရှားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအကြား နောက်ဆုံးပေါ် ထိပ်တန်းအဆင့် ထိတွေ့ဆက်ဆံမှုတစ်ရပ်အနေဖြင့် ရုရှားသမ္မတ ဗလာဒီမီယာပူတင်က မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချွာဆွန်ဟီကို ယမန်နေ့က လက်ခံတွေ့ဆုံခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကရင်မလင်နန်းတော်၌ သမ္မတပူတင်နှင့် ချွာဆွန်ဟီတို့နှစ်ဦး နှုတ်ဆက်နေပုံကို ရုရှားအစိုးရပိုင် သတင်းအေဂျင်စီများမှ ထုတ်ပြန်သော ဗီဒီယိုဖိုင်များတွင် ပြသထားရာ ရုရှား၏ ထိပ်တန်းသံတမန် ဆာဂေးလာဗရော့ဖ်လည်း အဆိုပါ အစည်းအဝေးတွင် ပါဝင်ခဲ့သည်။

နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အလားအလာများသည် စီမံထားသည့်အတိုင်း တိုးတက်နေကြောင်း သမ္မတပူတင်က ပြောကြားခဲ့ပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအွန်ထံသို့လည်း သဝဏ်လွှာပါးခဲ့သည်ဟု ရုရှားအခြေစိုက် စပွတ်နစ်သတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ်ကလည်း လာဗရော့ဖ်နှင့် ဆွေးနွေးမှုများတွင် နှစ်နိုင်ငံဆက်ဆံရေး၏ "စိတ်ပိုင်းဆိုင်ရာ နီးစပ်မှု" ကို ချီးကျူးပြီးနောက် ခေါင်းဆောင်ကင်မ်ထံမှ "နွေးထွေးသော ဆုမွန်ကောင်း" များကို ပြန်လည်ပေးအပ်ခဲ့သည်။

ရုရှားနှင့် မြောက်ကိုရီးယားတို့သည် မကြာသေးမီနှစ်များအတွင်း ဆက်ဆံရေးကို သိသိသာသာ မြှင့်တင်ခဲ့ကြောင်း သိရသည်။

**Mon**




# ယခုနှစ်၏အပြင်းထန်ဆုံး မုန်တိုင်းဟာရီကိန်း မယ်လစ်ဆာ တစ်နာရီလျှင် မိုင် ၁၇၅ မိုင် (၂၈၂ ကီလိုမီတာ) အထိတိုက်ခတ်

**ကင်းစတန် အောက်တိုဘာ ၂၈**

တစ်နာရီလျှင် မိုင် ၁၇၅ မိုင် (၂၈၂ ကီလိုမီတာ) အထိရှိသော လေတိုက်နှုန်းများဖြင့် ဟာရီကိန်း မယ်လစ်ဆာသည် အမြင့်ဆုံးအင်အားဖြစ်သည့် အဆင့်ငါး မုန်တိုင်းအမျိုးအစားဖြစ်ကြောင်း သိရသည်။

ဂျမေကာတွင် သေဆုံးမှုများအပြင် ဟေတီနှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့တွင်လည်း လူလေးဦးသေဆုံးစေခဲ့သဖြင့် အဆိုပါမုန်တိုင်းကို အပြစ်တင်ကြသည်။ မယ်လစ်ဆာ၏ နှေးကွေးသော ရွေ့လျားမှုကြောင့် အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြာရှည်နိုင်ပြီး သေဆုံးစေနိုင်သော ရေကြီးမှုနှင့် မြေပြိုမှုအန္တရာယ်ကို မြင့်တက်စေနိုင်သည်ဟု ကျွမ်းကျင်သူများက သတိပေးထားသည်။

အမေရိကန်အခြေစိုက် အမျိုးသားဟာရီကိန်းဌာန၏ နောက်ဆုံးရအချက်အလက်များအရ အမြင့်ဆုံးလေတိုက်နှုန်းနှင့် ဇဟိုဖိအားနည်းခြင်းတို့အရ မယ်လစ်ဆာသည် ယခုနှစ်အတွင်း ကမ္ဘာပေါ်တွင် ယခုအချိန်အထိ အပြင်းထန်ဆုံး မုန်တိုင်းဖြစ်သည်။

၎င်း၏ လက်ရှိအင်အားဖြင့် ဆိုပါက ၁၈၅၁ ခုနှစ်တွင် စတင်မှတ်တမ်းတင်ခဲ့သည့်အချိန်မှစ၍ ဂျမေကာကျွန်းကို ဝင်ရောက်မည့် အပြင်းထန်ဆုံး ဟာရီကိန်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**Mon**

o-o-o-o-o-o-o






# အေအိုင်နည်းပညာအသုံးပြုမှု မြင့်တက်လာသောကြောင့် အမေဇုန်ကုမ္ပဏီတွင် အလုပ်အကိုင်ပေါင်း ၃၀၀၀၀ လျှော့ချမည်

**ဝါရှင်တန် အောက်တိုဘာ ၂၈**

အေအိုင်နည်းပညာ အသုံးပြုမှု မြင့်တက်လာချိန်တွင် ဗျူရိုကရေစီစနစ်နှင့် မန်နေဂျာများကို လျှော့ချရန်အတွက် အမေရိကန် နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် အမေဇုန်သည် အလုပ်အကိုင်ပေါင်း ၃၀၀၀၀ အထိ လျှော့ချရန် စီစဉ်နေကြောင်း ဖော်ပြခဲ့သည်။

အလုပ်အကိုင် လျှော့ချမှုများကို အောက်တိုဘာ ၂၈ ရက်ထက် နောက်မကျဘဲ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်အကိုင် လျှော့ချမှုကြောင့် အမေဇုန်ဝန်ထမ်းပေါင်း ၁၀ ရာခိုင်နှုန်းခန့် ထိခိုက်သွားမည်ဖြစ်သည်။

အမေဇုန်သည် ကိုဗစ်နာဗိုင်းရပ်စ်ကူးစက်ရောဂါ ကာလအတွင်း မြင့်မားသော တောင်းဆိုမှုများကို ဖြည့်ဆည်းရန်အတွက် အလုပ်အလွန်အကျွံ ခန့်ထားမှုများကို ကုစားရန် လုပ်ဆောင်နေသည်။

၂၀၂၂ ခုနှစ်မှစတင်၍ အလုပ်အကိုင်ရာထူး ၂၇၀၀၀ ခန့်လျှော့ချပြီးနောက် ယခုတစ်ကြိမ် အလုပ်အကိုင်လျှော့ချမှုသည် ကုမ္ပဏီ၏ အကြီးမားဆုံး အလုပ်အကိုင်ဖြတ်တောက်လျှော့ချမှု ဖြစ်လာမည်ဖြစ်သည်။

အေအိုင်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် ကုမ္ပဏီ၏ လုပ်သားအင်အားကို ပိုမိုလျှော့ချရန် ဦးတည်သွားနိုင်မည်ဖြစ်ကြောင်း အမေဇုန်အမှုဆောင်အရာရှိချုပ် အန်ဒီဂျက်ဆီက ဝန်ထမ်းများအား ဇွန်လက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံ ၂၀၃၂ ခုနှစ်တွင် စတင်လည်ပတ်မည်

**ဂျကာတာ အောက်တိုဘာ ၂၈**

၂၀၆၀ ပြည့်နှစ်တွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညရာခိုင်နှုန်းသို့ရောက်ရှိရန် ကြိုးစားမှု တစ်စိတ်တစ်ပိုင်းအဖြစ် အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံကို ၂၀၃၂ ခုနှစ်တွင် စတင်လည်ပတ်ရန် မျှော်လင့်ထားကြောင်း စွမ်းအင်နှင့် ဓာတ်သတ္တုအရင်းမြစ် ဒုတိယဝန်ကြီး ယူလီယော့က ပြောကြားလိုက်သည်။

အောက်တိုဘာ ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့သည့် နျူကလီးယားစွမ်းအင် ထိန်းချုပ်ရေးအေဂျင်စီ အမှုဆောင်အစည်းအဝေးတွင် ယူလီယော့က နျူကလီးယားစွမ်းအင်ကို ယခုအခါ အမျိုးသားစွမ်းအင်လုံခြုံရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မဟာဗျူဟာမြောက် ရွေးချယ်မှုအဖြစ် ရှုမြင်ကြောင်း ပြောကြားခဲ့သည်။

နျူကလီးယားဓာတ်အားပေးစက်ရုံကိုနောက်ဆုံးနည်းလမ်းအဖြစ် မသတ်မှတ်သော်လည်း အမျိုးသားစွမ်းအင်စီမံကိန်း၏ အရေးကြီးသော အစိတ်အပိုင်းအဖြစ်သတ်မှတ်ပါကြောင်းယူလီယော့ကပြောကြားခဲ့သည်။ အဆိုပါမူဝါဒသည် အင်ဒိုနီးရှားရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့်အညီ ရေးဆွဲထားရှိမှုမှက အစိုးရ၏မကြာသေးမီက ထုတ်ပြန်လိုက်သည့် နိုင်ငံတော်စွမ်းအင်မူဝါဒဆိုင်ရာ စည်းမျဉ်းများနှင့်လည်း ကိုက်ညီကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အစိုးရ၏ လမ်းညွှန်ချက်အောက်တွင် နျူကလီးယားစွမ်းအင်သည် ၂၀၃၀ ပြည့်နှစ်တွင် အင်ဒိုနီးရှား စွမ်းအင်ရောနှောအသုံးပြုမှု၏ ငါးရာခိုင်နှုန်းနှင့် ၂၀၆၀ ပြည့်နှစ်တွင် ၁၁ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်သည်။

ရှေ့အလားအလာကောင်းများ ရှိနေချိန်တွင် ရန်ပုံငွေ၊ ဆောက်လုပ်ရေးကြာချိန်နှင့် အများပြည်သူဘေးကင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် စိန်ခေါ်မှုများကို ယူလီယော့က အသိအမှတ်ပြုခဲ့သည်။

အစိုးရသည် နျူကလီးယားလုပ်ငန်းများတွင် ဘေးကင်းမှုနှင့် ထိရောက်မှုရှိစေရန် ဘေးအန္တရာယ်လျှော့ပါးသက်သာရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအမံများကို အားဖြည့်လုပ်ဆောင်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**



# ကမ္ဘာ့ရွှေနှင့် ငွေဈေးနှုန်းအတက်အကျများရှိနေပြီး ရေရှည်တွင် ဈေးနှုန်းများဆက်လက်မြင့်တက်လာနိုင်

**ဝါရှင်တန် အောက်တိုဘာ ၂၈**

မကြာသေးမီက ဈေးနှုန်းအတက်အကျများရှိသော်လည်း ရွှေနှင့်ငွေတို့အတွက် အကောင်းမြင် ခန့်မှန်းချက်များကို ထိန်းသိမ်းထားပြီး ရေရှည်တွင် ဈေးနှုန်းများဆက်လက်မြင့်တက်လာမည်ဟု သတ္တုနှစ်မျိုးလုံးကို ခွဲခြမ်းစိတ်ဖြာသူများက မျှော်မှန်းထားသည်ဟု စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမိကာဘဏ္ဍာရေးအဖွဲ့အစည်းများက ယင်းအဖိုးတန်သတ္တုနှစ်မျိုးလုံးအတွက် ယုံကြည်စိတ်ချရသော ခန့်မှန်းချက်များကို ထုတ်ပြန်ထားရာ အိုစီဘီစီဘဏ်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၆၀၀ နှင့် ငွေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၅၆ အထိ ၁၂ လတာ ခန့်မှန်းချက်ကို အဆင့်မြှင့်ခဲ့ပြီး မေဘဏ်ကမူ ရွှေဈေးနှုန်းသည် လာမည့်နှစ်ကုန်ပိုင်းတွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၈၀၀ သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

အိတ်ချ်အက်စ်ဘီစီဘဏ်သည် မကြာသေးမီက ဈေးနှုန်းခိုင်မာမှုမဖြစ်ပေါ်မီ ၂၀၂၆ ခုနှစ်တွင် ရွှေဈေးနှုန်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ သို့ ရောက်ရှိမည်ဟု ယခင်က ခန့်မှန်းခဲ့သည်။

အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းအထိ ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၀၇၆ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေဈေးနှုန်းသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၂၁ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ မကြာသေးမီက အမြင့်ဆုံးဈေးများဖြစ်သည့် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၃၀၀ ကျော်နှင့် ငွေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၅၄ ကျော်တို့မှ ကျဆင်းခဲ့သည်။

အာဖရိက အရှေ့အလယ်ပိုင်းနှင့် ဥရောပဒေသဆိုင်ရာ အကြီးအကဲ ရင်းနှီးမြှုပ်နှံမှုအရာရှိ မစ္စတာ မန်ပရိတ်ဂီးလ်က ရွှေဈေးနှုန်းများသည် လာမည့်လများတွင် တက်ချည်ကျချည်ဖြစ်မှု ပိုမိုများပြားလာပြီး ပိုမိုနှေးကွေးသည့်နှုန်းဖြင့် တိုးတက်လာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**Mon**

o-o-o-o-o

o-o-o-o

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ လူငယ်ရေးရာဟောပြောပွဲ ပြုလုပ်



**မကွေး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ လူငယ်ရေးရာ ဟောပြောပွဲနှင့် လူငယ်စစ်တမ်း ဖြေဆိုခြင်းဆွေးနွေးပွဲကို အောက်တိုဘာ၂၇ ရက် မွန်းလွဲပိုင်းက မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ ပြုလုပ်ရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းအဆင့်ဌာနများမှ တာဝန်ရှိသူများ၊လူငယ်ကိုယ်စားလှယ်များ၊ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ (ဓါတ်ပုံ)

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်လူမှုရေးရာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာ ဇော်ဦးက လူငယ်မဟာဗျူဟာ ဖိုရမ် ၂၀၂၅ ပါ ပထဝီဝင်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အဆင့်မြင့်ပညာရေးတွင် သုတေသနအရေးပါမှု အကြောင်းအရာများကို ဟောပြောပို့ချဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ တာဝန်ရှိသူများက မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြပြီးနောက် လူငယ်ကိုယ်စားလှယ်များနှင့် ကျောင်းသား၊ ကျောင်းသူများက လူငယ်စစ်တမ်းများအား ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

## စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲ ပြုလုပ်

**မြစ်ကြီးနား အောက်တိုဘာ ၂၈**

စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများအဖြစ် ကျပန်း၊ ပုံပြင်ပြောနှင့် စာစီစာကုံးပြိုင်ပွဲကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ လူထုအခြေပြုဗဟိုဌာန(Community Centre)၌ အောက်တိုဘာ ၂၇ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ ဝိုင်းမော်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်သက်မွန်က ပြိုင်ပွဲများ ပြုလုပ်ရသည့် ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စပ်လျဉ်းသည့် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ ပြုလုပ်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲများတွင် အမှတ် (၅)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**







## စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အားကစားနှင့်လူငယ်ရေးရာဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊KMC ကိုယ်ပိုင်အထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အားကစားနှင့် လူငယ်ရေးရာဟောပြောပွဲကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

ရှေးဦးစွာ KMC ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက လူငယ်များအနေဖြင့် စာအုပ်၊ စာစောင်များကို အမြဲလေ့လာဖတ်ရှုစေလိုကြောင်း၊ စာပေကို အမြဲလေ့လာဖတ်ရှုနေမှသာ အမှား၊ အမှန်ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများကိုလည်း ရှာဖွေလေ့လာမှတ်သားစေလိုကြောင်း အကျယ်တဝင့်ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးရိုးမွန်က ကျောင်းစာသင်ကြားနေချိန်တွင် ပြင်ပဗဟုသုတများ ရှာဖွေသလို အားကစားမှာလည်း ထူးချွန်သူတွေဖြစ်အောင် လိုက်စားစေလိုကြောင်း၊ အားကစားလုပ်ခြင်းသည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်ကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က လူငယ်များအတွက် ပညာ၏တန်ဖိုးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးတာဆီးကာကွယ်ရေး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များ ပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၅၆)



## ကထိန်ပွဲတော်တူနွဲပျော်

\- - - - - - - - - - - - -

* တန်ဆောင်တိုင် ကထိန်ပွဲ
ဆင်နွှဲကြ သူသူငါ
စီဝရံ မြတ်သင်္ကန်း
လှူဒါန်းကြရာ ။

* မြို့ပြမှာ
သူသူငါ ပျော်ရွှင်ကြ
ကျေးလက်မှာ
သူသူငါ ပျော်ရွှင်ကြ
သဘင်ပွဲတွေနဲ့
ဆင်နွှဲ ဘဝင်ညံလို့
ထက်နဘံ သောင်းတိုင်ကြား
စည်ကားပေစွ ။

* မဟာမုနိ
တုမရှိဘဝဂ်
ထိန်ထိန်ဝါ မြတ်သင်္ကန်း
လှူဒါန်းဖို့ရာ ။

* ရပ်တကာ
စုပေါင်းကာပြိုင်ဆိုင်သပ
နေ့မကူးပါဘု
ရည်စူးကာ မသိုးသင်္ကန်းကိုလ
ရက်လုပ်ကြ သူသူငါ
ရွှင်လန်းကာ တေးသီကျူးတယ်
(ကွယ်)မြူးမြူးကြွကြွ ။ ။

**ရေနံမြေ-လွမ်းစု**

## လူငယ်ရေးရာအသိပညာပေးဟောပြော

**ကျွန်းလှ အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဗလငါးတန်ပြည့်စုံသော ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်များဖြစ်စေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ပိတောက်မြိုင်ရပ်ကွက်၊မူလတန်းကျောင်း၌ ပြုလုပ်သည်။**(ယာပုံ)**

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက လူငယ်နှင့် အနာဂတ်၊ လူငယ်နှင့် ကျန်းမာရေး၊လူငယ်နှင့်အားကစား၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ စာဖတ်ခြင်း၏အကျိုးကျေးဇူး စသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ပြောကြားခဲ့သည်။

ထို့နောက် ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံများ၊ စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(၄၈၀)






## စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**မကွေး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ မီးလန့်မှု၊ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေးရာတွင် ခရိုင်မီးသတ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် (FSC)ရရှိရေး ဆောင်ရွက်သွားရန်၊ အကြံပြုချက်ရယူထားရှိပြီးသော စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေး ဆိုင်ရာစစ်ဆေးထောက်ခံချက်(FSC)ရယူဆောင်ရွက်ရန်၊ မီးဘေးလုံခြုံရေးတပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အဆင်သင့်ဖြစ်စေရေးနှင့် ရေရရှိရေး စီမံဆောင်ရွက်ထားရန်၊ စက်သုံးဆီဆိုင်ဝန်ထမ်းများအား မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ လက်တွေ့ကိုင်တွယ်အသုံးပြုတတ်စေရေးအတွက် ဓာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်သွားရန်တို့ကို စစ်ဆေးအကြံပြုခဲ့သည်။

ထို့နောက် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် စက်ရုံ၊ အလုပ်ရုံများ၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများ၊ နေအိမ်များစစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေးခြင်း၊ ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(အပေါ်ပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)

၀-၀-၀-၀-၀

၀-၀-၀-၀

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေ

**ကံမ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)လျှော့နည်းသုံးစွဲရန် ရည်ရွယ်၍ စည်ပင်သာယာမြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ် (ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို အောက်တိုဘာ ၂၇ ရက် နံနက် ၇နာရီက အဆိုပါ ဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးပြုလုပ်ခြင်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

(အောက်ပုံ)

ဇော်ထက်(သရက်)



## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**မိုင်းတုံ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက်တွင် ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူများဖြစ်ကြသည့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေတောင်ရပ်ကွက်နေ ပြည်စစ်ပိုင်(၂၈)နှစ်၊ စဝ်စံထွန်းရပ်ကွက်နေ ခွန်မင်းအာကာငွေထွန်း(၃၀)နှစ်နှင့် ပုံးအင်းကျေးရွာနေ ခွန်ငဲမောင်(၂၆)နှစ်ဆိုသူတို့အားလည်းကောင်း။ အောက်တိုဘာ ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများဖြစ်ကြသည့် အမှတ်(၁၀)ရပ်ကွက်နေ ရဲထွန်း(ခ)ဂျိုးလေး (၂၃) နှစ်၊ ဖုတ်ကုန်းကျေးရွာနေ ဒေါ်မာမာဝင်း(၃၉)နှစ်၊ ဟုမ္မလင်းမြို့နယ်၊ နန်တောကျေးရွာနေ ဝေလင်းဖြိုး(၃၇)နှစ်နှင့် မုံရွာမြို့နယ်၊ ပြည်တော်သာရပ်ကွက်နေ မိုးဝင်း(ခ)ကိုမိုး(၃၂)နှစ်ဆိုသူတို့အားလည်းကောင်း။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ရွှေမြိုင်သီရိရပ်ကွက်နေ ဒေါ်ခင်မာစိုး(၄၅)နှစ်နှင့် လှိုင်မင်း(၁၉)နှစ်ဆိုသူတို့အားလည်းကောင်း။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ သဃ်န်းကျွန်းမြို့နယ်၊ က-ရပ်ကွက်နေ စိုးမင်း(၃၁)နှစ်ဆိုသူအားလည်းကောင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များဖြင့် ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## သစ်များ တရားမဝင် သယ်ဆောင်လာသူ အမျိုးသားသုံးဦးအား ဖမ်းဆီးအရေးယူ

**မင်းဘူး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၌ သစ်များ တရားမဝင် သယ်ဆောင်လာသူ အမျိုးသားသုံးဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက် ည ၁၂ နာရီ ၁၀ မိနစ်တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ကံရေကျေးရွာနှင့် ရေမျက်ကျေးရွာချင်းဆက် လမ်းမပေါ်၌ မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရ စောင့်ဆိုင်းနေစဉ် ကံရေကျေးရွာမှ ရေမျက်ကျေးရွာဘက်သို့ ကျေးရွာချင်းဆက်လမ်းအတိုင်း မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာနေ သန့်ဇင်ဦး(၂၅)နှစ်ဆိုသူမောင်းနှင်ပြီး တစ်ရွာတည်းနေ ကျော်သက်ထွေး(၂၆)နှစ်ဆိုသူနှင့် သစ်ပိုင်ရှင်ဖြစ်သည့် မင်းဘူးမြို့နယ်၊ မုန့်ထောင်ကျေးရွာနေ တင်မောင်ဌေး(၄၂)နှစ်ဆိုသူတို့ လိုက်ပါလာသည့် UD CONDOR ခြောက်ဘီးအဖြူရောင် ကုန်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ သစ်မျိုးစုံ သစ်ခွဲသားဆိုဒ်စုံ ၆၈ ချောင်း၊ ၄ တန်ခန့်အား တရားမဝင် သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် တင်မောင်ဌေးပါ သုံးဦးအား မင်းဘူးမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိ

**မိုင်းယောင်း အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် ညနေ ၆ နာရီ ၅ မိနစ်တွင် ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဗလမင်းထင်လမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မိုင်းယောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အမှတ်(၁)ရပ်ကွက်မှ မြို့တွင်းဘက်သို့ အမှတ်(၅)ရပ်ကွက်နေ စိုင်းခမ်းဖူး(၃၅)နှစ် ဆိုသူမောင်းနှင်လာသည့် ထော်လာဂျီယာဉ်သည် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ အမှတ်(၁)ရပ်ကွက်နေ ချမ်းငြိမ်း(၃၃)နှစ်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် အောင်မင်္ဂလာကျေးရွာနေ ဒေါ်ခင်သန္တာလင်း (၃၈)နှစ်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ချမ်းငြိမ်းနှင့် ဒေါ်ခင်သန္တာလင်းတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီး ရရှိခဲ့သောကြောင့် စိုင်းခမ်းဖူး ဆိုသူအား မိုင်းယောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၄၄-၅)တွင် တည်ရှိသော ဦးပိုင်အမှတ်(၆၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးကျော်ငွေ အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အဆောက်အအုံ၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ခင်ဝင်းရီ(ဘ)ဦးသိန်းအုပ်(၉/အမဇ(နိုင်)၀၃၉၈၅၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးငွေအောင် (ဥပဒေဘွဲ့) ဦးလှဝေ(B.A, HGP) ဦးနိုင်လင်း(LL.B) ဦးအောင်ဇော်မြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ

ဒေါ်ခင်ပြုံးဝင်း (LL.B) ဦးမင်းချစ်သူ (LL.B) ဒေါ်တခြည်ဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ

**၂၈လမ်းနှင့်လမ်း၇၀ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၂၂၄၄၀ ၊ ၀၉-၂၀၃၇၇၇၃ ၊ ၀၉-၉၇၅၃၀၂၇၀၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၅)၊ ဦးပိုင်အမှတ်(၇၄)၊ ဧရိယာ (၃၀×၄၀)ပေ၏ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော (၂)ထပ်အိမ် အဆောက်အအုံ အပါအဝင် ရေ+မီးမီတာတို့ကို (၂၆-၁၀-၂၀၂၅)ရက်က ကာလတန်ကြေးဖြင့် ရောင်းချရန် ဦးမင်းသိန်း(ဘ)ဦးအောင်မောင်း(၉/မနတ(နိုင်)၀၉၆၂၀၇)က ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအပြည့်အစုံ ယူဆောင်လာပြီး ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သင်းသင်းလှဲ့**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၇၀)**

**ရန်ကင်းအောင်ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**

**၀၉-၄၀၂၅၈၀၈၇၅၊ ၀၉-၇၅၄၅၄၀၁၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၈)၊ တိုက်(၂၈)၊ အခန်း(၁၄)၊ တတိယထပ်တိုက်ခန်းမှာ ဒေါ်ဝင်းစိန် အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အိအိလွင်(၉/ခအဇ(နိုင်)၀၃၈၀၃၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ဝေဝေအောင် (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**(ဖဖ-၃)၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။**

**ဖုန်း ၀၉-၇၉၇၄၅၁၀၁၁၊ ၀၉-၄၄၁၀၁၁၈၅၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အောင်သူဇာဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုးသွပ်ကာအဆောက်အအုံ၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်အောင်သူဇာဝင်း (ဘ)ဦးဝင်းထိုက်(၉/ခမစ(နိုင်)၀၄၃၄၃၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊**

**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အကွက်အမှတ်(ဗ-၂၁)၊ ဦးပိုင်အမှတ်(၆၂-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၁)၊ ဦးပိုင်အမှတ်(၆၂-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဘိုဆန်း အမည်ဖြင့်ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေကွက်ချထားပေးခြင်းခံရသူ ဦးဘိုဆန်း ကွယ်လွန်၍ အမွေဆက်ခံသား၊ သမီးများဖြစ်ကြသော ဒေါ်နုနုထွေး(၉/ခမစ(နိုင်)၀၁၁၄၇၈)၊ ၂။ ဒေါ်နုနုနိုင်(၉/ခမစ(နိုင်)၀၂၀၉၈၂)၊ ၃။ ဦးဥညြ(၉/ခမစ(နိုင်)၀၂၀၉၀၉)နှင့် ၄။ ဒေါ်စုစုအောင်(၉/ခမစ(နိုင်)၀၆၃၂၂၁) ကိုင်ဆောင်သူတို့မှ အရှုပ်အရှင်းကင်းစွာဖြင့် လက်ထိလက်ရောက်နေထိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အကွက်အမှတ်(ဘဘ-၉)၊ ဦးပိုင်အမှတ်(၆၄)မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၉)၊ ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်အေးအေးရီ အမည်ပေါက်(ဂရန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးအောင်ဖြိုးဝေ (ဘ)ဦးရန်မြင့်ဆင်း(၉/မကန(နိုင်)၁၅၈၄၈၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၆ဂ)မြေကွက်ထဲမှ တောင်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၆၈)၊ ဧရိယာ(၀ ဒသမ ၀၃၀)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကျော်သောင်း အမည်ပေါက်(ဂရန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ တောင်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရာက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးကောင်းမင်းခန့် (ဘ)ဦးသိန်းဆွေဦး(၉/ခမစ(နိုင်)၀၆၇၇၉၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အကွက်အမှတ်(ဗ-၁၄)၊ ဦးပိုင်အမှတ်(၂၉-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၄)၊ ဦးပိုင်အမှတ်(၂၉-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဘိုးကြွေ အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရာက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဦးစိုးမြင့်(ဘ)ဦးထွန်းရွှေ(၉/ပဘန(နိုင်)၀၀၃၆၃၄)နှင့် ဒေါ်သန်းသန်းနွဲ့ (ဘ)ဦးတုတ်လှ(၉/ပဘန(နိုင်)၀၀၃၆၂၆)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ဦးဆန်းဝင်းလတ် မှတ်ပုံတင်အမှတ်(၉/ခမစ(နိုင်)၀၄၂၁၁၄)နှင့် မန္တလေး၊ အမရပူရမြို့နယ်နေ ဒေါ်မီမီဇင် မှတ်ပုံတင်အမှတ်(၉/အမရ(နိုင်)၁၁၉၂၇၀)တို့သည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ (၁၅)ရက်၌ အသိသက်သေများရှေ့တွင် လွတ်လပ်သော သဘောဆန္ဒဖြင့် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ နှစ်ဦးသဘောတူ ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မီမီဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဝင်းလှဲ့ချို (LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၅၄၃၃၁)**

**သပွတ်ပင်ရပ်၊ ဈေးချိုရပ်ကွက်၊ အမရပူရမြို့။ ဖုန်း ၀၉-၉၆၃၃၅၉၉၄၄**

❖ နိုင်ငံတော်၏ စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ စိုက်ပျိုးရေးစွမ်းအား၊ ကုန်ထုတ်စွမ်းအားနှင့် ကုန်သွယ်မှုကူးသန်းရောင်းဝယ်မှုများ တိုးတက်ကောင်းမွန်စေရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဟန်ချက်ညီညီဖြင့် ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# သီပေါမြို့နယ်အတွင်း၌ အခြေခံပညာကျောင်းနှစ်ကျောင်း ထပ်မံဖွင့်လှစ်

## ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ပြုလုပ်ပေး

နေပြည်တော် အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဘော်ကြို)နှင့် အခြေခံပညာမူလတန်းကျောင်း(တိန်းချေတိန်းစံ)တို့ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရသည်။

သီပေါမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ အခြေခံပညာကျောင်း လေးကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် အခြေခံပညာကျောင်းနှစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း အခြေခံပညာကျောင်း ခြောက်ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ ၃၄၅ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၇၄၇ ဦးအထိရှိပြီ ဖြစ်ပြီး ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြသည်။

စာမျက်နှာ ၈ သို့ ◆



သီပေါမြို့၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာတက်ရောက်ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



## Glory Goal အသင်းက ယန်းဘွိုင်းယူနိုက်တက်အသင်းအား ဂိုးပြတ်ဖြင့် အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**

၂၀၂၅-၂၆ ဘောလုံးရာသီ MNL-2(ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သော ပွဲစဉ်(၇)ဒုတိယနေ့အား ယနေ့ ပဒုမ္မာကွင်းတွင် ဆက်လက်ကျင်းပခဲ့ပြီး Glory Goal အသင်းနှင့် ယန်းဘွိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Glory Goal အသင်းက ယန်းဘွိုင်းယူနိုက်တက်အသင်းအား ၁၀ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

Glory Goal အသင်း အတွက် သွင်းဂိုး ၁၀ဂိုးကို ပွဲချိန် ၁၆မိနစ်တွင် အောင်ဖြိုးသာ၊ ပွဲချိန် ၂၃မိနစ်တွင် ဟိန်းထက်အောင်၊ ပွဲချိန် ၃၇မိနစ်၊ ၃၉မိနစ်၊ ၆၁မိနစ်၊ မိနစ် ၇၀၊ ၈၇မိနစ်တွင် မီဆိုမို၊ ပွဲချိန် (၄၅+၁)မိနစ်တွင် သိန်းတိုးအောင်၊ ပွဲချိန် ၄၇မိနစ်တွင် ပီဂျီအီ၊ ပွဲချိန် ၈၂မိနစ်တွင် သက်ဝေယံဦးတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို Glory Goal အသင်း တိုက်စစ်မှူး မီဆိုမိုက ဆွတ်ခူးခဲ့သည်။

၂၀၂၅-၂၆ ဘောလုံးရာသီ MNL-2(ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇)လက်ကျန်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၃၀ရက်တွင် တက္ကသိုလ်ကွင်း၌ မြဝတီအသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ပဒုမ္မာကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(NGB)**

၀-၀-၀-၀

## အီတလီစီးရီးအေ ပွဲစဉ်(၉)တွင် နာပိုလီအသင်းက လက်ချီအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရ

**တူရင် အောက်တိုဘာ ၂၈**

၂၀၂၅-၂၆ ဘောလုံးရာသီ အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် နာပိုလီအသင်းနှင့် လက်ချီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နာပိုလီအသင်းက လက်ချီအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် နာပိုလီအသင်းနှင့် လက်ချီအသင်းတို့ နှစ်သင်းစလုံး တစ်ဖက်နှင့် တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း နာပိုလီအသင်းက ပွဲချိန် ၆၉မိနစ်တွင် အန်ဒရီဖရန့်ဇန်ဘို၏ သွင်းဂိုးတစ်ဂိုးတည်းဖြင့် လက်ချီအသင်းအား အနိုင်ရယူခဲ့သည်။

နာပိုလီအသင်းသည် စီးရီးအေ ပွဲစဉ်(၉)ပွဲကစားအပြီးတွင် ရမှတ် ၂၁မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့သည်။

ထို့အပြင် နာပိုလီအသင်းသည် ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေ ချန်ပီယံဆုအား ဆွတ်ခူးရန်လည်း ရေပန်းစားလျက်ရှိသည်။

နာပိုလီအသင်းနည်းပြ ကွန်တီက "အခုလို လက်ချီအသင်းအား အနိုင်ရရှိခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အခုပွဲမှာ အသင်းသားတွေရဲ့ ခြေစွမ်းကလည်း ကောင်းမွန်ခဲ့ပါတယ်။ အသင်းအနေနဲ့လည်း နောက်ထပ်လာမည့် ပွဲစဉ်တိုင်းကို နိုင်ပွဲများ ရရှိအောင် ဆက်လက်ကြိုးစားပြီး ချန်ပီယံဆုကြီး ရယူသွားမှာပါ"ဟု ပြောသည်။

**(NGB)**

